# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (22-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနား တက်ရောက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီးက (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ မိန့်ခွန်းပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်လေ့လာ

*စာမျက်နှာ - ၁၈*

## (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ

*စာမျက်နှာ - ၁၈*

## ပိုင်းမော်မြို့နယ်အတွင်းရှိ "ကန်ပိုက်တီ" မြို့ကို "ကံပိုင်တည်"မြို့အဖြစ် အမည်ပြောင်းလဲပြင်ဆင်

*စာမျက်နှာ - ၁၉*




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# နွေကာလမှာ မီးသတိပြုပါ

မကြာမီ နွေကာလသို့ရောက်ရှိတော့မည်ဖြစ်သည်။ နွေကာလသည် မတ်လမှ မေလထိဖြစ်ပြီး ထိုကာလသည် အလွန်ပူပြင်းခြောက်သွေ့သောကြောင့် မီးလောင်မှုအများဆုံးဖြစ်ပွားလေ့ရှိသည်။ မီးလောင်မှုဖြစ်ပွားလျှင် နိုင်ငံပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပစ္စည်းများ ဆုံးရှုံးကြရသည်။ ထို့ကြောင့် ပူပြင်းခြောက်သွေ့သောနွေကာလတွင် မီးကိုပို၍ သတိပြုကြရမည်ဖြစ်သည်။

မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးသတ်တပ်ဖွဲ့များက ပြည်သူလူထုကို အသိပညာပေးမှုများ၊ အရေးယူဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေသော်လည်း ပြည်သူတချို့၏ လိုက်နာမှုအားနည်းပြီး မီးပေါ့ဆမှုတို့ကြောင့် မီးလောင်မှုဖြစ်စဉ်များသည် နွေတွင်သာမက အချိန်အခါမရွေး ကြုံတွေ့နိုင်သည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်ရေ ၁၄၉၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၆ ဒသမ ၇ ဘီလီယံကျော်ရှိခဲ့ကာ သေဆုံးသူ ၉၆ ဦး၊ ဒဏ်ရာရရှိသူ ၁၂၆ ဦးနှင့် မီးဘေးသင့်ပြည်သူဦးရေ ၉၀၀၀ ခန့်ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတစ်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်ပျက်စီးမှုကြောင့် ဆုံးရှုံးခဲ့ရသောတန်ဖိုးမှာ ငွေကျပ် ၇ ဘီလီယံခန့်ရှိသည်။ ၂၀၂၂ ခုနှစ် တစ်နှစ်လုံးမီးလောင်ဆုံးရှုံးမှုထက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတစ်လအတွင်း မီးလောင်ဆုံးရှုံးမှုက တန်ဖိုးငွေကျပ်သန်းပေါင်းများစွာပိုမိုများပြားကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

မီးလောင်မှုဖြစ်စဉ်အများစုမှာ ပေါ့ဆမီးကြောင့်ဖြစ်ပြီး လျှပ်စစ်မီးကြောင့် လောင်သောမီးမှာ ဒုတိယအများဆုံးဖြစ်သည်။ ထို့ပြင် အကြမ်းဖက်သူများ၊ မသမာသူများ၏ ရှို့မီးကြောင့်လည်း နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးကြရသည်။ ထိုသို့ မီးလောင်မှုများ မကြုံတွေ့မခံစားရစေရေး၊ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများမရှိစေရေး မီးကိုသတိပြုရမည်ဖြစ်သည်။ ယခုအခါ လျှပ်စစ်မီးသည် မြို့ပြတွင်သာမက ကျေးလက်ဒေသများထိပါ ရရှိသုံးစွဲနေကြပြီဖြစ်သဖြင့် မီးလောင်မှုဖြစ်စဉ်များမကြုံစေရန် မီးကိုအထူးသတိပြုရမည်ဖြစ်သည်။

လျှပ်စစ်မီးကြောင့်ဖြစ်သော မီးလောင်မှုဖြစ်စဉ်များတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားအပူလွန်ကဲခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားအသုံးပြုပါက ဟောင်းနွမ်းနေသော လျှပ်စစ်ဝိုင်ယာကြိုးများကို လဲလှယ်ခြင်း၊ လျှပ်စစ်မီးဖို၊ လျှပ်စစ်မီးပူများ သုံးစွဲပြီးလျှင် မီးခလုတ်ပိတ်ပြီး ပလတ်ခေါင်းများဖြုတ်ထားခြင်း၊ ဟောင်းနွမ်းချို့ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို အသုံးမပြုခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်မှုကို ကာကွယ်နိုင်ပေသည်။ မီးမလောင်ရန်ကာကွယ်ရာ၌ မီးကိုသာသတိပြုကိုင်တွယ်ရမည်မဟုတ် အိမ်တွင်း၊ အိမ်ပြင်၌ထားရှိသည့် မီးစွဲလောင်စေတတ်သောအရာဝတ္ထုအားလုံးကိုလည်း မီးနှင့်ဝေးရန် သို့မဟုတ် မီးမစွဲနိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မီးကို နွေကာလတွင်သာမက အချိန်မရွေး၊ ရာသီမရွေး သတိပြုရမည်ဖြစ်သည်။ မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟုဆိုကြသည်။ ထို့ကြောင့် မိမိတို့၏ မိတ်ဆွေအဖြစ် မီးကိုရိုသေစွာသုံးစွဲအပ်သည်ဖြစ်သလို ရန်သူမျိုးငါးပါးတွင် တစ်ခုအပါအဝင်ဖြစ်သော မီးကို ကြိုတင်ကာကွယ်မှုဖြင့် သတိပြုသုံးစွဲကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေး ရွှေ့ပြေးစီမံကိန်းလေးခုဆောင်ရွက်မည်



မန္တလေး ဖေဖော်ဝါရီ ၂၁

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေး ရွှေ့ပြေးစီမံကိန်းလေးခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ စီမံကိန်းလေးခုမှာ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခုစီမံကိန်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးစီမံကိန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာများ ဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးစီမံကိန်းတို့ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဘဏ္ဍာနှစ်မှာတော့ အသေးစားထုတ်ကုန်တွေ ဖန်တီးနိုင်ရေးနဲ့ ဝင်ငွေတိုးတက်ရေးဆိုပြီး စီမံကိန်းလေးခုလျာထားရှိပြီးတော့ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပါ။ ကျေးလက်နေပြည်သူတွေ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးကို ဆောင်ရွက်ပေးသွားမှာပါ။ ကျန်တဲ့ ကဏ္ဍတွေအနေနဲ့လဲ ဘဏ္ဍာနှစ်အလိုက်မှာ လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးအတွက်ကို ဆောင်ရွက်ပေးနေပါတယ်။ လာမဲ့ ဘဏ္ဍာနှစ်မှာတော့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှာ ရွှေ့ပြေးစီမံကိန်းလေးခုအနေနဲ့ ဆောင်ရွက်သွားမှာပါ။ ဒီစီမံကိန်းတွေကနေ ဖွင့်လှစ်ပေးမဲ့ သင်တန်းတွေမှာတော့ နိုင်ငံတော်ကနေပြီး အရင်းအနှီးတွေ၊ နည်းပညာတွေ၊ ဈေးကွက်ရရှိရေးကိုပါ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစီမံကိန်း၊ ကျောက်ဆည်ခရိုင်တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးစီမံကိန်း၊ ညောင်ဦးခရိုင်တွင် အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်း၊ ရမည်းသင်းခရိုင်တွင် ခေတ်မီစံပြကျေးရွာများဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရေးစီမံကိန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဒေသတစ်ဝိုက်မှ ထွက်ရှိသည့် ဗိုလ်စားပဲများ နေ့စဉ် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ဗိုလ်စားပဲဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဗိုလ်စားပဲက ပြင်ဦးလွင်ဒေသကပဲ ထွက်ရှိတော့ပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာတွေက နည်းသွားပါပြီ။ တစ်နေရာပဲ ထွက်ပြီး အဝင်မရှိနည်းသွားတာကြောင့် ဈေးကောင်းပြီးတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဗိုလ်စားပဲစိုက်ပျိုးတဲ့သူတွေကလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဗိုလ်စားပဲအပြင် ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ အာလူးသီး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

ဗိုလ်စားပဲသီးနှံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ ယခုအခါ သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး ချော်ဆိပ်ကမ်းမှ ကသာနှင့် ထီးချိုင့်ဘက်သို့ ပြောင်း၊ ဂျုံတင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ များပြားလာ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေး ချော်ဆိပ်ကမ်းမှ ကသာနှင့် ထီးချိုင့်ဘက်သို့ ပြောင်း၊ ဂျုံတင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှ အခြားမြို့များသို့ ကုန်စည်များ တင်ပို့ရာတွင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ချော်ဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ချော်ဆိပ်ကမ်းမှ ကသာနှင့် ထီးချိုင့်ဘက်သို့ ပြောင်း၊ ဂျုံတင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ များပြားလာကြောင်း သိရသည်။

"မန္တလေးမြို့မှာ အရောင်းအဝယ်ကောင်းနေတဲ့ ပြောင်းနဲ့ ဂျုံကို ကသာ၊ ထီးချိုင့်ဘက်က ကုန်သည်တွေအနေနဲ့ လာရောက်ဝယ်ယူမှုတွေ များလာပါတယ်။ ပြောင်းနဲ့ဂျုံကိုဝယ်ယူပြီး ချော်ဆိပ်ကမ်းကနေ ကသာနဲ့ ထီးချိုင့်ဘက်ကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေနဲ့ ပြန်ပြီးတင်ပို့ကြပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းမှ ကသာနှင့် ထီးချိုင့်ဘက်သို့ ဖေဖော်ဝါရီလ ပထမပတ်အတွင်းက ပြောင်း၊ ဂျုံတင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ကုန်တင်ရေယာဉ်အစီးရေ ၈၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းမှာ အခုလက်ရှိ ကုန်စည်ရရှိမှု များလာတာကြောင့် ကုန်တင်၊ ကုန်ချလုပ်သားအယောက် ၃၀၀ ကျော်ထိ လုပ်ငန်းလုပ်ကိုင်နေကြရတယ်။ ကုန်စည်စီးဆင်းမှုအနေအထားကတော့ အရင်ကနဲ့စာရင် အနည်းငယ်ပြန်ပြီးကောင်းလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘောအပါအဝင် ကုန်တင်သင်္ဘော စုစုပေါင်းအစီးရေ ၁၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


**ရွှေတောင် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုနှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဖိုးသိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် သဲခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် မှာကြားသည်။


ဖိုးသိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉၆ သိန်းဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သဲခုံကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူများက လုပ်အားထည့်ဝင်၍ ၂၀၂၂ ခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ မြတ်မိုးအိမ် ဆေးဝါးကျွမ်းကျင်နှင့် အကူသူနာပြုသင်တန်းသား၊ သင်တန်းသူများက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်စင်ဦးကြည်က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ထိ ဈေးကောင်းရရှိ



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲများ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ တစ်မြို့နယ်လုံး ဆောင်းသီးနှံကုလားပဲ ၂၁၃၁၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါဆောင်းသီးနှံကုလားပဲစိုက်ခင်းများမှာ ယခုအခါ အသီးများရင့်မှည့်လာပြီဖြစ်၍ ဒေသခံတောင်သူများက ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ထိ မြို့နယ်အတွင်းရှိ ပဲမျိုးစုံသီးနှံရောင်းဝယ်ရေးကုန်သည်လုပ်ငန်းရှင်များက ယခင်နှစ်ထက် ဈေးကောင်းပေးဝယ်ယူနေကြောင်း သိရသည်။

"ဒီနှစ် ကုလားပဲဈေးကောင်းရရှိလို့ ဒေသခံတောင်သူတွေ အဆင်ပြေကြတယ်။ အရင်နှစ်က ကုလားပဲတစ်တင်းကို ငွေကျပ် ၄၅၀၀၀ ထိသာ ဈေးရရှိခဲ့တယ်။ ဆောင်းသီးနှံကုလားပဲကို နှစ်စဉ် အောက်တိုဘာလဆန်းပိုင်းလောက်က စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလမှာ ပြန်လည် ရိတ်သိမ်းခြွေလှေ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူတစ်မြို့နယ်လုံး ကုလားပဲသီးနှံ ၂၁၃၁၇ ဧက စိုက်ပျိုးခဲ့ပါတယ်။ ကုလားပဲဈေးက ပေါ်ဦးပေါ်ဖျားမှာပဲ တစ်တင်းကို ငွေကျပ် ၆၅၀၀၀ ဈေးနဲ့ မြို့နယ်အတွင်းရှိ ပဲမျိုးစုံရောင်းဝယ်ရေးကုန်သည်လုပ်ငန်းရှင်တွေက ဈေးကောင်းပေးဝယ်ယူနေတာကြောင့် ကုလားပဲစိုက်ပျိုးတောင်သူတွေ အကျိုးအမြတ်ရလို့ အဆင်ပြေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံများ၊ ဖူးစားပြောင်းသီးနှံ၊ စားဖိုဆောင်သီးနှံများနှင့်ကွဲ၊ နွားတိရစ္ဆာန်အစာအဖြစ် နှံစားပြောင်းသီးနှံတို့ကို အားထားစိုက်ပျိုးကြကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘားအံမြို့နယ် ကော့မကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့မကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၄၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကော့မကယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြောင်း သိရသည်။

**ကိုသက်**

# ချီဖွေမြို့နယ် အောက်ခါးဘော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**ချီဖွေ ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ခါးဘော့ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၃၇ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်သည့် ကန့်ဖန့်ကျေးရွာအုပ်စု အောက်ခါးဘော့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်းတည်ဆောက်ခြင်း၊ တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ချီဖွေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလတ်ထွယ်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အောက်ခါးဘော့ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်းခြင်းနှင့် ၎င်းလမ်းပေါ်တွင် အရှည် ခြောက်ပေ၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်ပေရှိ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ခိုင်ရှင်လန်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အောက်ခါးဘော့ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလတ်ထွယ်အောင်ထံမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# ရန်ကုန်သမိုင်းထဲမှ ဆွေတော်မျိုးတော်သင်္ချိုင်းဂူများ

မောင်သာ(ရှေးဟောင်းသုတေသန)

ရှည်လျားသော ခေတ်ကာလများကို ဖြတ်သန်းခဲ့သည့် ရန်ကုန်မြို့၌ များစွာသောမြို့ပြအမွေအနှစ်များသည် ယနေ့တိုင် ကျန်ရှိနေသည်။ ၎င်းတို့အနက် လူသိများထင်ရှားသည့် အမွေအနှစ်များနှင့်အတူ မထင်မရှား တိမ်မြုပ်နေသည့် အမွေအနှစ်များလည်း ပါဝင်သည်။

ရန်ကုန်မြို့ရှိ တိမ်မြုပ်နေသော မြို့ပြအမွေအနှစ်များတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်း၊ ရတနာပုံခေတ်ဘုရင် နှစ်ပါးဖြစ်သည့် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် တော်ဝင်နွယ် ဆွေတော်မျိုးတော်များ၏သင်္ချိုင်းဂူများလည်း အပါအဝင်ဖြစ်သည်။ သက်တမ်း ၁၃၃ နှစ်ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅)သည် ဘုရင် ၁၁ ပါးစိုးစံခဲ့ကာ မြန်မာ့သမိုင်းတွင် မှတ်တမ်းမှတ်ရာအများဆုံးကျန်ရှိခဲ့သည့် ခေတ်ဖြစ်သည်။ မျက်မှောက်ခေတ်နှင့် အနီးစပ်ဆုံးဖြစ်သည့် ရတနာပုံခေတ်တွင် မင်းတုန်းမင်းနှင့် သားတော် သီပေါမင်းတို့ နန်းစံခဲ့ပြီးနောက် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သည်။

မင်းတုန်းမင်းနှင့်သီပေါမင်းတို့၏ ဆွေတော်မျိုးတော်များသည် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း ကွယ်လွန်ခဲ့ကြပြီဖြစ်ရာ ၎င်းတို့အနက် အချို့ပုဂ္ဂိုလ်များ၏အုတ်ဂူများကို ရန်ကုန်မြို့၌ ယနေ့တိုင်မြင်တွေ့နိုင်ကြသည်။

**ကုန်းဘောင်ဘုရင်များ၏ သင်္ချိုင်းဂူများ**

ကုန်းဘောင်ခေတ်ကိုတည်ထောင်သူ အလောင်းမင်းတရား ဦးအောင်ဇေယျ၊ ဘိုးတော်ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့၏ ဂူဗိမာန်များကို မြန်မာနိုင်ငံတွင် ယနေ့တိုင်မြင်တွေ့ရကာ သီပေါမင်း၏ အုတ်ဂူမှာမူ အိန္ဒိယနိုင်ငံတွင် တည်ရှိနေသည်။ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျ(၁၇၅၂-၁၇၆၀)သည် ၁၇၅၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ယိုးဒယားသို့စစ်ချီခဲ့ပြီး ၁၇၆၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ယခုမွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာစခန်း၌ နတ်ရွာစံခဲ့သည်။ အလောင်းမင်းတရား၏ ရုပ်အလောင်းကို ရန်ကုန်မြို့မှတစ်ဆင့် ရွှေဘိုမြို့သို့ သယ်ဆောင်ကာ ရွှေဘုံရတနာနန်းတော်ရာဝင်းအတွင်း၌ ဂူသွင်းမြှုပ်နှံခဲ့ရာ ယနေ့တိုင်သွားရောက်လေ့လာနိုင်သည်။

ဘိုးတော်ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် ၁၈၁၉ ခုနှစ် ဇွန် ၅ ရက်တွင် နတ်ရွာစံခဲ့ပြီး မြေးတော် အိမ်ရှေ့မင်းသားက နန်းမြို့အတွင်းရှိ လွှတ်တော် အရှေ့မြောက်ဘက်၌ ဇွန် ၇ ရက်တွင် သင်္ဂြိုဟ်ခဲ့သည်။ ဘိုးတော်ဘုရား၏ ဂူဗိမာန်ကို အမရပူရနန်းမြို့ဟောင်း အရှေ့တောင်ဘက်တွင်တည်ရှိကာ တောင်သမန်ကန်ပတ်လမ်းမှဖြစ်စေ၊ မြို့ရိုးတောင်ဘက်တံခါးရှိ ဝင်ပေါက်မှဖြစ်စေ သွားရောက်လေ့လာနိုင်သည်။ ပေ ၈၀ ကျယ်ဝန်းသည့် ပရိဝုဏ်အတွင်း ပေ ၅၀ ပတ်လည် ကုလားကျောင်းခံစေတီအပေါ်ရင်ပြင် အနောက်တောင်ထောင့်တွင် တည်ရှိသည့် ဘိုးတော်ဘုရား၏ ဂူဗိမာန်ရှေ့တွင် ဘိုးတော်ဘုရားနှင့် ဆက်နွယ်သည့် အကြောင်းအရာများကို ရေးထိုးထားသည့် ကျောက်စာကို စိုက်ထူထားသည်။

ဘိုးတော်ဘုရားနတ်ရွာစံပြီးနောက် နန်းတက်ခဲ့သည့် မြေးတော်စစ်ကိုင်းမင်း(ခရစ်နှစ် ၁၈၁၉-၁၈၃၇)သည် နန်းကျဘုရင်အဖြစ် ညီတော် သာယာဝတီမင်း၏ စောင့်ရှောက်မှုကိုခံယူခဲ့ကာ ၁၈၄၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နတ်ရွာစံခဲ့သည်။ စစ်ကိုင်းမင်း၏ ရုပ်အလောင်းကို အမရပူရဝင်းတော်အတွင်း၌ မီးသင်္ဂြိုဟ်ခဲ့သည်။ စစ်ကိုင်းမင်း၏ အုတ်ပြာသာဒ်စေတီသည် အမရပူရနန်းတော် အနောက်တောင်ထောင့်ရှိ ပြာသာဒ်ကြီးကျေးရွာ ရွှေလင်းပင်ဘုရားရှေ့ ကန်ပတ်လမ်းတွင်တည်ရှိသည်။ ပေ ၄၀ ပတ်လည် ပရိဝုဏ်အတွင်း၌ ပေ ၂၀ ပတ်လည် ကုလားကျောင်းခံမုခ်သုံးပေါက်စေတီ၏ အုတ်ဂူပြာသာဒ်ဝင်ပေါက်ဘေးတွင် စစ်ကိုင်းမင်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရေးထိုးထားသောကျောက်စာကို စိုက်ထူထားသည်။

စစ်ကိုင်းမင်းကို နန်းချခဲ့သည့် ညီတော် သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆)သည် နောင်တော် စစ်ကိုင်းမင်း နတ်ရွာစံပြီး တစ်လအကြာ ၁၈၄၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် နတ်ရွာစံခဲ့ရာ သားတော် ပုဂံမင်းက လွှတ်တော်အရှေ့မြောက် ပဟိုရ်စည်အနီးတွင် မီးသင်္ဂြိုဟ်ခဲ့သည်။

သာယာဝတီမင်း၏ အုတ်ဂူကို အမရပူရနန်းမြို့ဟောင်းအလယ်တွင် မြင်တွေ့နိုင်သည်။ လက်ရှိ အထက်တန်းကျောင်း၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိနေသည့် သာယာဝတီမင်း အုတ်ဂူသည် ရတနာပုံခေတ် တော်ဝင်မိသားစုဝင်များ၏ အုတ်ဂူများနှင့် တူညီနေသဖြင့် ပြန်လည်တည်ဆောက်ခဲ့သည့် ဂူဖြစ်နိုင်ကြောင်းယူဆကြသည်။ မူလအုတ်ဂူသည် အုတ်ခုံပေါ်တွင် လေးတိုင်စင်ထူ၍ အမိုးပြာသာဒ်တင်ထားသည့် အဆောက်အအုံဖြစ်ကြောင်း သမိုင်းသုတေသီ ရန်နောင်စိုးက ရေးသားခဲ့သည်။

ပဥ္စမသင်္ဂါယနာတင်ဘုရင် မင်းတုန်းမင်း (၁၈၅၃-၁၈၇၈)သည် သက်တော် ၆၄ နှစ်အရွယ်၊ ၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် နတ်ရွာစံခဲ့ရာ သားတော် သီပေါမင်းက မန္တလေးနန်းတွင်း အတွင်းမြို့ရိုးအရှေ့မြောက်ထောင့်တွင် အုတ်ဂူသွင်းကာ သင်္ဂြိုဟ်ခဲ့သည်။ မင်းတုန်းမင်းက နတ်ရွာစံလျှင် ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ခြင်းမပြုရန် ကိုယ်တိုင်မှာကြားခဲ့သည်ဟု ဆိုသည်။ မင်းတုန်းမင်းအုတ်ဂူပြာသာဒ်ကို မြေပြင်မှ သုံးပေ၊ ခြောက်လက်မအမြင့် အုတ်ခုံပေါ်တွင် တည်ဆောက်ထားပြီး အုတ်ခုံလေးဖက်၌ လှေကားတစ်ခုစီကို တပ်ဆင်ထားသည်။ အုတ်ဂူပြာသာဒ် အုတ်ခုံအရှေ့လှေကားအနီးတွင် မင်းတုန်းမင်းအကြောင်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာ ရေးထိုးထားသော ကျောက်စာတစ်ချပ်ရှိသည်။ ကုန်းဘောင်ဆက် နောက်ဆုံးဘုရင် သီပေါမင်း(၁၈၇၈-၁၈၈၅)သည် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့သို့ အပို့ခံခဲ့ရပြီး ၁၉၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် နတ်ရွာစံခဲ့သဖြင့် ထိုမြို့၌ပင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ သီပေါမင်းအုတ်ဂူကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခဲ့သည်။

**ရန်ကုန်မြို့ရှိ ဆွေတော်မျိုးတော်သင်္ချိုင်း**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရား၏ အနောက်ဘက်မြေကွက်နေရာကို ဆွေတော်မျိုးတော်သင်္ချိုင်းဟု ခေါ်ဆိုခဲ့သည်။ မင်းတုန်းမင်း၏ တော်ဝင်မိသားစု ဆွေတော်မျိုးတော် တချို့ကို မြှုပ်နှံခဲ့သည့် အုတ်ဂူများတည်ရှိသည့် ၎င်းနေရာကို မသိရှိသူများ အများအပြားရှိသည်။

တစ်ဧကခွဲကျယ်ဝန်းသည့် ထိုနေရာကို မင်းတုန်းမင်း၏သမီးတော် မင်းတပ်ထိပ်ခေါင်တင်က အင်္ဂလိပ်အစိုးရထံမှ ဝယ်ယူ၍ ဆွေတော်မျိုးတော်သင်္ချိုင်းကို တည်ဆောက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ မြန်အောင်ကျောင်းတိုက်ဆွမ်းစားကျောင်း အဝင်မုခ်ဦးဝဲဘက်တွင် ဘုရင့်ဆွေတော်မျိုးတော်သင်္ချိုင်းတော်ဟု ရေးထားသည့် ကြေးပြားဆိုင်းဘုတ်ရှိသည်။ မုခ်ဦးစောင်းတန်းအတိုင်းသွားလျှင် ကျိုက်ထီးရိုးပုံတူစေတီကိုလွန်သည်နှင့် ဝဲဘက်ခြမ်း၌ အုတ်ဂူများရှိသည်။ အုတ်ဂူများသည် စောင်းတန်းဘေးတွင်ရှိနေကြကာ အုတ်ဂူများရှိသည့် နေရာသို့ဝင်သွားနိုင်သည့် စောင်းတန်းတိုင် နှစ်ခုတွင် နန်းဝတ်နန်းစားများဝတ်ဆင်ထားသည့် အမျိုးသမီးပုံတူ နှစ်ချပ်ရှိ၍ တစ်ခုတွင် “ကုမ္မာဒေဝီဘွဲ့ခံ ခုနစ်ရွာတိုက်စား မိဘုရားကြီး၊ ထိုင်းအယုဒ္ဓယဘုရင်၏ မြေးတော်”ဟုရေးထားသည်။ အခြားပုံတွင် “ဘုရင့်ဆွေတော်မျိုးတော်များအသင်းဥက္ကဋ္ဌ မင်းတုန်းမင်းတရားကြီး၏ သမီးတော် သုသီရိစန္ဒာဒေဝီ မင်းတပ်ထိပ်ခေါင်တင်”ဟု ရေးထားသည်။

ဆွေတော်မျိုးတော်သင်္ချိုင်းသို့ ရောက်ရှိခဲ့စဉ်က အုတ်ဂူ ၁၉ လုံးကိုတွေ့ရှိခဲ့ရာ အုတ်ဂူ ရှစ်လုံးသည် တော်ဝင်နွယ် ဆွေတော်မျိုးတော်များ၏ အုတ်ဂူများဖြစ်သည်။

**ဆွေတော်မျိုးတော်အုတ်ဂူများ**

အိမ်ရှေ့စံ ကနောင်မင်းနှင့် ဆောင်ရသခင်ကြီး ခင်ဖေ့တို့က ၁၈၅၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည့် သားတော် လင်းပင်မင်းသားကြီး သတိုးမင်းရဲဒိဗ္ဗသည် သက်တော် ၇၇ နှစ်အရွယ်၊ မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ် ပြာသိုလဆန်း ၁ ရက်(၁၉၃၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်)စနေနေ့တွင် အမှတ်(၁၂)၊ ကုက္ကိုင်းလမ်း၊ ရတနာသိမ်စံအိမ်တော်တွင် ကံကုန်ခဲ့သဖြင့် ဆွေတော်မျိုးတော်သင်္ချိုင်းတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ရေနံ့သာမြို့စား၊ ကသည်းမြို့ဝန် မင်းလှသမိန်ထောရာဇာ ဦးရွှေမောင်၏ သမီးဖြစ်သူ ရေနံ့သာခင်ခင်ကြီးသည် လင်းပင်မင်းသားကြီးနှင့် ၁၈၈၂ ခုနှစ်တွင် လက်ဆက်ခဲ့ပြီး အသက် ၆၈ နှစ်အရွယ်တွင် အမှတ်(၁၂) ကုက္ကိုင်းလမ်း၊ ရတနာသိမ်စံအိမ်တော်တွင် ကံကုန်ပြီး ငါးထပ်ကြီး ဘုရင့်ဆွေတော်မျိုးတော်သင်္ချိုင်း၌မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ အုတ်ဂူတွင် လင်းပင်မင်းသားကြီး၏ မြောက်သားတော်ဟု ရေးထိုးထားသည်။ မြောက်သားတော်ဟူသည် ဇနီးဟုဆိုလိုကြောင်း မောင်သန်းဆွေ(ထားဝယ်)က ရေးသားခဲ့သည်။

ညောင်အုပ်မင်းသမီး ထိပ်တင်ချို၏ အုတ်ဂူတွင် ညောင်အုပ်မင်းသမီး ထိပ်တင်ချို အသက် ၅၁ နှစ် နတ်တော်လဆန်း ၄ ရက် ၁၃၀၀ ပြည့်နှစ် နတ်ရွာစံသည် PRINCESS NYAUNG OK HTAIK TIN CHOE DIED ON 24TH NOVEMBER 1938 ဟု ရေးထိုးထားသည်။ ၎င်းရက်သည် ၁၉၃၈ ခုနှစ် နိုဝင်ဘာ ၂၅ ရက် သောကြာနေ့ဖြစ်သည်။ ၁၃၁၁ ခုနှစ် နယုန်လဆုတ် ၁၁ ရက်(၁၉၄၉ ခုနှစ် ဇွန် ၁၂ ရက်) တနင်္လာနေ့တွင် ကွယ်လွန်ခဲ့သည့် ညောင်အုပ်ထိပ်တင်စိုးသည် မင်းတုန်းမင်း၏ မြေးတော် ညောင်အုပ်မင်းသား၏ သမီးတော်ဖြစ်ပြီး ကွယ်လွန်ချိန်တွင် သက်တော် ၄၇ နှစ်ရှိပြီဖြစ်သည်။




မင်းတုန်းမင်း၏မြေးတော်ဖြစ်ပြီး မြင်းမူထိပ်ခေါင်တင်၏သားတော် မောင်မောင်ထိပ်တင် သက်တော် ၆၀ သည် ၁၃၁၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်(၁၉၅၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်)အင်္ဂါနေ့တွင် နတ်ရွာစံလွန်ကြောင်း အုတ်ဂူတွင် ရေးထိုးထားသည်။

မင်းတုန်းမင်း၏ မြေးတော် ပင်လယ်ထိပ်ခေါင်တင်ကြီး သက်တော် ၈၁ နှစ်၏ အုတ်ဂူတွင် ၁၃၁၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် နတ်ရွာစံကြောင်း ရေးထိုးထားသည်။ (၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ အင်္ဂါနေ့ဖြစ်သည်) ပင်လယ်ထိပ်ခေါင်တင်ကြီး အုတ်ဂူနှင့် ဘေးချင်းကပ်ရှိနေသည့် အုတ်ဂူတွင်မူ မည်သည့်စာမျှရေးသားထားခြင်းမရှိသဖြင့် မည်သူ၏အုတ်ဂူဖြစ်ကြောင်းမသိရှိနိုင်ခဲ့ချေ။

မင်းတုန်းမင်း၏ မြေးတော်၊ သက်တော် ၈၃ နှစ်ရှိ သုသီရိနန္ဒဝတီ ခေါ် ပင်လယ်ထိပ်ခေါင်တင်ကလေးသည် ၁၃၂၂ ခုနှစ် ဝါဆိုလဆန်း ၅ ရက်တွင် နတ်ရွာစံခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇွန် ၂၇ ရက် တနင်္လာနေ့ဖြစ်သည်။

မင်းတုန်းမင်းနှင့် ခုနစ်ရွာ မိဖုရားတို့၏ သမီးတော် မင်းတပ်ထိပ်ခေါင်တင်သည် သုံးဆယ်မင်းသားနှင့် ပင်လယ်မင်းသားတို့၏ အငယ်ဆုံးနှမတော်ဖြစ်ပြီး သက်တော် ၁၀၃ နှစ်တွင် နတ်ရွာစံသဖြင့် ဆွေတော်မျိုးတော် သင်္ချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ကွယ်လွန်သည့်ရက်ကို ၁၉၆၆ ခုနှစ် ဇွန် ၅ ရက်ဟု ရေးထိုးထားသည်။

**အခြားအုတ်ဂူများ**

ဆွေတော်မျိုးတော် သင်္ချိုင်းတွင် ဆွေတော်မျိုးတော်မဟုတ်သည့် ပုဂ္ဂိုလ် ရှစ်ဦး၏ အုတ်ဂူများလည်း တည်ရှိရာ ၁၉၃၇ ခုနှစ်တွင်ကွယ်လွန်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးချုပ်ဟောင်း ဆာဦးဘ (ဘီအေ၊ ကေအက်စ်အမ် BA၊ KSM) အသက် ၆၄ နှစ်နှင့် ၁၉၅၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ဒေါ်မြပွင့်(လေဒီဘ) (ဆာဦးဘဇနီး)တို့၏ အုတ်ဂူနှစ်လုံးသည် ဘေးချင်းယှဉ်လျက် တည်ရှိနေသည်။

၁၉၆၅ ခုနှစ်တွင်ကွယ်လွန်ခဲ့သော ရတနာဦးသွင် အသက် ၈၃ နှစ်နှင့် ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဇနီး ဒေါ်ဒေါ်မြိုင် အသက် ၈၅ နှစ်တို့ အုတ်ဂူများသည်လည်း ဘေးချင်းယှဉ်လျက် တည်ရှိသည်။ ရတနာ ဦးသွင်နှင့် ဇနီး ဒေါ်ဒေါ်မြိုင်တို့သည် လက်ရှိစောင်းတန်းကို ၁၉၅၇ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့သည်။

ထို့အတူ ၁၉၆၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သော စည်သူဦးတင်(အိုင်စီအက်စ်)အသက် ၆၁ နှစ်နှင့် ၁၉၈၂ ခုနှစ်တွင်ကွယ်လွန်ခဲ့သော ဇနီး ဒေါ်ညွန့်ညွန့် အသက် ၇၉ နှစ်တို့၏ အုတ်ဂူများသည် ဘေးချင်းယှဉ်လျက်တည်ရှိသည်။ အခြားဂူများမှာ ၁၉၄၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ဆရာဆိုင် အသက် ၆၉ နှစ်နှင့် ၁၉၄၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် လယ်ဝန်မင်း ဦးစံရွှေ အသက် ၇၆ နှစ်တို့၏ အုတ်ဂူနှစ်လုံးဖြစ်သည်။

ကုန်းဘောင်ဘုရင်မင်းတုန်းမင်း၏ ဆွေတော်မျိုးတော် ရှစ်ဦး အပါအဝင် အုတ်ဂူ ၁၉ လုံးရှိနေသည့် ဆွေတော်မျိုးတော်သင်္ချိုင်းသည် လူသိမများဘဲ အတန်ငယ်တိမ်မြုပ်နေသည့် ရန်ကုန်မြို့ပြ အမွေအနှစ်တစ်ခုဟုဆိုနိုင်ကာ စိတ်ဝင်စားသူများ သွားရောက်ကြည့်ရှုလေ့ရှိသည့် နေရာတစ်ခုဖြစ်ပေသည်။

**ကိုးကား**

- **ကုန်းဘောင်ရှင်းတမ်း(မောင်သန်းဆွေထားဝယ်)**
- **မြန်မာ့ရက်စွဲသမိုင်း(ကုန်းဘောင်ဆက်)**
  **(ဦးတိုက္ကမွှာလက်ာရ၊ ဒေါက်တာသန်းထွန်း)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၁၃၆ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၁၃၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းမြို့နယ်၌ စားဖိုဆောင်သီးနှံ ၂၉၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှု မရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ် ဆောင်းမှာ စားဖိုဆောင်သီးနှံဧက ၂၀၀၀ ကျော်စိုက်ဖို့လျာထားတာပါ။ ဧက ၃၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကြက်သွန်နီ ၁၉၀၇ ဧက၊ ကြက်သွန်ဖြူ ၇၁ ဧက၊ ငရုတ် ၁၁၅၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိအောင် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# လူကောင်း လူတော်

\- အမည် မောင်ကောင်း လူ မကောင်းဘဲ
သာပေါင်းညာစား သိယောင်ကားနှင့်
စကားကတ်ဖွဲ့ အတ္တငှဲ့သော်
တကယ့်လူကောင်း မဟုတ်ချေ။

\- အမည် မောင်တော် လူ မတော်ဘဲ
တွေးခေါ်နုံချာ သိမ်ဖျင်းစွာလျှင်
ငါသာငါမှ တော်တတ်လှဟု
လက်မထောင်ထောင် မာနဆောင်သော်
အမောင်လူတော် မဟုတ်ပြီ။

\- အမျိုးကိုချစ် ရပ်ရွာချစ်လျက်
သစ္စာလည်းရှိ သမာဓိနှင့်
ကတိတည်စွာ သိပ်သည်းပါမှ
များစွာဗိုလ်လူ စံပြယူမည့်
လူကောင်းမည်မှတ် ခေါ်ဆိုအပ်၏။

\- အလုပ်ကိုခင် လုပ်ငန်းခွင်၌
ပျော်ရွှင်ချမ်းမြ ဝီရိယနှင့်
လှုံ့လတွဲဖက် ကြိုးပမ်းလျက်လျှင်
ထက်မှပြည့်ဝန် လမ်းကောင်းမွန်ကို
အားသွန်ဖြောင့်မတ် ခံယူတတ်မှ
သတ်မှတ်ခေါ်ရည် လူတော်မည်၏။

\- စံပယ်သို့ယဉ် သဇင်သို့ခန့်
ပြစ်ကင်းသန့်သော
ရန့်မွှေးကြူ အိုး တက်လူတို့
ပြည်သူမိဘ အားထားရအောင်
များစွာသောလူ ထိုထိုလူ၌
လူဟော့လူညာ လူဝါလူပျင်း
လူဖျင်းလူသိမ် လူတိမ်လူညစ်
မဖြစ်စကောင်း ဝေးစွာရှောင်းလျက်
လူကောင်းလူတော် လူ့အမော်ဟု
ပျံ့ကျော်ထုံသင်း ဂုဏ်သတင်းနှင့်
ထိန်လင်းနိုင်ကြ ပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

# မကွေးမြို့နယ် ကန်လှကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်လှကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းတာဝန်ခံများနှင့်အတူ ကန်လှကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ် ကန်လှကျေးရွာတွင် ဂါလန် ၂၄၀၀၀ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပေ ၆၆၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၆၂ သိန်း အသုံးပြု၍ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကန်လှကျေးရွာရှိ အိမ်ခြေ ၂၈၀၊ လူ ၃၁၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် နွေကာလ သောက်သုံးရေရှားပါးသည့် ပြဿနာများမရှိတော့ဘဲ နှစ်ပတ်လည် ရေဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ဖြူလေး**

# တန့်ယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန့်ယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက ပုံဟောင်းခုန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ပုံဟောင်းခုန်ကျေးရွာနှင့် ပုံဟောင်းခူးကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် ငွေကျပ် ၄၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

## နိုင်ငံတကာ သတင်းများ

# အပျော်တမ်းနယ်မြေကာကွယ်ရေးတပ်များ ဖွဲ့စည်းရန် ဘီလာရုစ်သမ္မတ ညွှန်ကြား

**မင့်စ် ဖေဖော်ဝါရီ ၂၁**

နယ်မြေကာကွယ်ရေး အပျော်တမ်းတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် ဘီလာရုစ်သမ္မတ လူကာရှန်ကိုက တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီလာရုစ် ပြည်သူတိုင်း လက်နက်ကိုင်ဆောင်အသုံးပြုတတ်ရန်၊ ရန်စမှုများကိုတုံ့ပြန်ရန် အသင့်ရှိနေရေးအတွက် အပျော်တမ်းနယ်မြေကာကွယ်ရေးတပ်များဖွဲ့စည်းမည်ဖြစ်ကြောင်း ဘီလာရုစ်သမ္မတက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတ၏ ညွှန်ကြားချက်အရ ဖွဲ့စည်းမည့် အပျော်တမ်းနယ်မြေကာကွယ်ရေးတပ်တွင် အင်အား ၁၀၀၀၀၀မှ ၁၅၀၀၀၀ထိပါဝင်မည်ဖြစ်ကြောင်းဘီလာရုစ်ကာကွယ်ရေးဝန်ကြီး ဗစ်တာခရီနင်က ကြေညာထားသည်။

ဘီလာရုစ်နိုင်ငံ၏ ပုံမှန်တပ်မတော်၌ တပ်ဖွဲ့ဝင်အင်အား ၄၈၀၀၀ နှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်ဦးရေ ၁၂၀၀၀ ခန့်ထိရှိသည်။

ဘီလာရုစ်အစိုးရ၏ အစီအစဉ်အရ အပျော်တမ်းနယ်မြေကာကွယ်ရေးတပ်များကို ကျေးရွာနှင့် မြို့များအလိုက် အင်အားအချိုးကျထား၍ ဖွဲ့စည်းမည်ဖြစ်သည်။

ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးမကျေမလည်ဖြစ်နေသော နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

KKO



# ဗြိတိန်နိုင်ငံသားများ ခရမ်းချဉ်သီး ရှားပါးမှုနှင့် ရင်ဆိုင်နေရ

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ဥရောပတောင်ပိုင်းနှင့်မြောက်အာဖရိကဒေသ ရာသီဥတုအခြေအနေများကြောင့် ဗြိတိန်နိုင်ငံသားများမှာ ခရမ်းချဉ်သီးရှားပါးမှုနှင့် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဥရောပတောင်ပိုင်းနှင့်မြောက်အာဖရိကတို့၌ ရာသီဥတုပို၍ပူနွေးလာမှု၊ ပို၍အေးမြလာမှုတို့ကြောင့် ခရမ်းချဉ်သီးအထွက်နှုန်းကျဆင်းခဲ့ရပြီး ဗြိတိန်ဈေးကွက်အတွင်းသို့ အဝင်နည်းခဲ့ရသည်။

ဆောင်းရာသီကာလများတွင် ဗြိတိန်နိုင်ငံသည် သခွားသီးနှင့် ခရမ်းချဉ်သီးကဲ့သို့ သီးနှံများ၏ ဈေးကွက်လိုအပ်ချက် ၉၀ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။

အထူးသဖြင့် ဗြိတိန်နိုင်ငံသည် ခရမ်းချဉ်သီးဈေးကွက်လိုအပ်ချက်အတွက် မော်ရိုကိုနှင့် စပိန်နိုင်ငံတို့ကဲ့သို့ နိုင်ငံများကို ဆောင်းရာသီကာလအတွင်း အားပြုနေရလေ့ရှိသည်။

ပြီးခဲ့သည့်နှစ်ကလည်း ဗြိတိန်ကုန်စုံဆိုင်ကြီးများ၌ ယူကရိန်းပဋိပက္ခ နောက်ဆက်တွဲအဖြစ် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

လက်ရှိအချိန်တွင် ခရမ်းချဉ်သီးရှားပါးမှုပြဿနာကို ဖြေရှင်းရေးအတွက် ဗြိတိန်ကုန်တိုက်ကြီးများက လယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ KKO

STOP COVID-19

# ယူကရိန်းအထူးစစ်ဆင်ရေးများအခြေအနေကို အဓိကမိန့်ခွန်းတစ်ရပ်ဖြင့် သမ္မတပူတင် တင်ပြမည်



**မော်စကို ဖေဖော်ဝါရီ ၂၁**

ရုရှားသမ္မတ ပူတင်သည် ယူကရိန်း အထူးစစ်ဆင်ရေးများ အခြေအနေနှင့်ပတ်သက်၍ ရုရှားစစ်ဘက်၊ အရပ်ဘက် ထိပ်တန်းတာဝန်ရှိသူများကို ယနေ့တွင် အဓိက မိန့်ခွန်းတစ်ရပ်ဖြင့် ရှင်းလင်းအသိပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခကာလ တစ်နှစ်မပြည့်မီ ရက်ပိုင်းမျှအလိုတွင် အထူးစစ်ဆင်ရေးများအခြေအနေကို မိန့်ခွန်းပြော၍ ရှင်းလင်းတင်ပြရန် သမ္မတပူတင်က စီစဉ်ထားခြင်းဖြစ်သည်။

ရုရှား လွှတ်တော်အမတ်များနှင့် ရုရှားစစ်ဘက်အရာရှိ၊ အရာခံများကိုပြောကြားမည့် အဆိုပါမိန့်ခွန်း၌ သမ္မတပူတင်က လက်ရှိနိုင်ငံတကာ အခြေအနေများနှင့် ရုရှားနိုင်ငံတို့၏ အခြေအနေကို သုံးသပ်တင်ပြမည် ဖြစ်ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်း အထူးစစ်ဆင်ရေးများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းနိုင်ငံ၏ ငါးပုံ တစ်ပုံကို ထိန်းချုပ်ထားကြောင်း သိရသည်။

သို့သော် ယူကရိန်းပြဿနာကြောင့် ရုရှားနှင့် အနောက်အုပ်စုတို့ကြား ဆက်ဆံရေးမှာ စစ်အေးတိုက်ပွဲကာလနောက်ပိုင်း အဆိုးရွားဆုံးအဆင့်သို့ ရောက်ခဲ့ရကြောင်း သိရသည်။

KKO

# အစ္စရေး၏ ဂျူးအခြေစိုက်အိမ်ရာစီမံကိန်းတိုးချဲ့ရေးအစီအစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

အနောက်ဘက်ကမ်း ဒေသ၌ ဂျူးအခြေစိုက် အိမ်ရာများတိုးချဲ့မည့်အစ္စရေးနိုင်ငံ၏ အစီအစဉ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဖေဖော်ဝါရီ ၂၀ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ရှုတ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အနောက်ဘက်ကမ်း ဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ ထပ်မံတိုးချဲ့မည့်အစ္စရေး၏ အစီအစဉ်ကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းနှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးသဘောတရား ပျက်ပြားသွားနိုင်ကြောင်း လုံခြုံရေးကောင်စီ ကြေညာချက်၌ ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အဆိုပါကြေညာချက်ကို အမေရိကန်နိုင်ငံ၏ထောက်ခံမှုရရှိခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မဟာမိတ်အစ္စရေးအား ရှုတ်ချထားသော လုံခြုံရေးကောင်စီကြေညာချက်ကို ထောက်ခံမှုပေးခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အဆိုပါကြေညာချက်ကို ထုတ်ပြန်ရန် အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံ၏ ထောက်ခံမဲနှင့် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတို့၏ ထောက်ခံမှုကို လိုအပ်သည်။

အစ္စရေးနိုင်ငံက ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲ၌ သိမ်းပိုက်ခဲ့သော အနောက်ဘက်ကမ်းဒေသကို အနာဂတ်ပါလက်စတိုင်းနိုင်ငံသစ်၌ထည့်သွင်းရန် ပါလက်စတိုင်းတို့က ရည်မှန်းထားကြောင်း သိရသည်။ KKO



# မက္ကဆီကိုနိုင်ငံအလယ်ပိုင်း၌ ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် ဘတ်စကားတစ်စီးတိမ်းမှောက် လူပေါင်း ၁၇ ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၁**

ဗင်နီဇွဲလား၊ ကိုလံဘီယာနှင့် ဇဟိုအမေရိကတို့မှ ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ဘတ်စကားတစ်စီး မက္ကဆီကိုနိုင်ငံအလယ်ပိုင်း၌ တိမ်းမှောက်ခဲ့ရာ လူပေါင်း ၁၇ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် မက္ကဆီကိုအလယ်ပိုင်းအဝေးပြေးလမ်းတစ်နေရာ၌ ဖေဖော်ဝါရီ ၁၉ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာ၌ သေဆုံးသူ ၁၅ ဦးရှိခဲ့ပြီး နောက်ပိုင်းတွင် ဒဏ်ရာရထားသူ ၁၅ ဦးအနက် နှစ်ဦးထပ်မံသေဆုံးခဲ့ရကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားထားသည်။

ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် အဆိုပါဘတ်စကားသည် မက္ကဆီကိုတောင်ပိုင်း တာပါချူလာမြို့မှ မက္ကဆီကိုစီးတီးမြို့သို့ မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။




လက်တင်အမေရိကမှ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများသည် အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရေးအတွက် မက္ကဆီကိုနိုင်ငံကို ဖြတ်သန်းမောင်းနှင်လေ့ရှိသည်။

တိမ်းမှောက်ခဲ့သော ဘတ်စကားပေါ်၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၄၅ ဦးထိ လိုက်ပါလာကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင်လွှတ်တင်ရန်စီစဉ်ထား



**မော်စကို ဖေဖော်ဝါရီ ၂၁**

ဆိုယုဇ် MS-23 အမည်ရှိ အာကာသလူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လွှတ်တင်ရန် ရုရှားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားသည့် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်၌ အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အာကာသစခန်းယာဉ်ပေါ်တွင် သောင်တင်နေသော အာကာသယာဉ်မှူးသုံးဦးကို ပြန်လည်ခေါ်ယူရေးအတွက် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရန် ရုရှားနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ရုရှားအာကာသအေဂျင်စီတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ရုရှားအာကာသအေဂျင်စီတာဝန်ရှိသူများသည် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်လွှတ်တင်ရေးမစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားသည့် ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်သည်လည်း နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားစဉ် အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ KKO

## ကြယ်ပေါက်ကွဲမှုဖြစ်ပွားပြီး သတ္တုဒြပ်စင်များကို အာကာသဟင်းလင်းပြင်သို့ပို့ဆောင်မည့် ရှားပါးသောနှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြင်းထန်သည့် ကြယ်ပေါက်ကွဲမှုဖြစ်ပွားပြီး ရွှေ၊ ငွေနှင့် ပလက်တီနမ်ကဲ့သို့ သတ္တုဒြပ်စင်များကို အာကာသဟင်းလင်းပြင်အတွင်းသို့ ပို့ဆောင်ပေးမည့် ရှားပါးသောနှစ်စင်းတွဲကြယ်စနစ်တစ်ခုကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

CPD-29 2176 ဟူ၍ အမည်ပေးထားသည့် အဆိုပါနှစ်စင်းတွဲကြယ်စနစ်၌ တစ်ချိန်ချိန်တွင် တစ်စင်းနှင့်တစ်စင်း ဝင်ရောက်တိုးတိုက်၍ ကီလိုနိုဗာ ခေါ် ကြယ်ပေါက်ကွဲမှုဖြစ်စဉ်ကို ဖန်တီးပေးမည့် နျူထရွန်ကြယ်နှစ်စင်းပါဝင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

CPD-29 2176 ကြယ်စနစ်သည် ပေါ်ထွက်လာပုံဆန်းကြယ်သည့် အလွန်ရှားပါးသောကြယ်စနစ်မျိုးဖြစ်ပြီး ကီလိုနိုဗာပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ရွှေ၊ ငွေနှင့် ပလက်တီနမ် သတ္တုဒြပ်စင်များ ဖန်တီးပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါကြယ်စနစ်သည် ကြယ်စနစ်ပေါင်း ၁၀ ဘီလီယံလျှင် တစ်ခုသာရှိနိုင်သော ကြယ်စနစ်မျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

CPD-29 2176 ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၁၄၀၀ အကွာ၌ တည်ရှိကြောင်း သိရသည်။

CPD-29 2176 ကြယ်စနစ်ကဲ့သို့ ကြယ်စနစ်များသည် နဂါးငွေ့တန်းကြယ်စုကဲ့သို့ ခရုပတ်ခွေကြယ်စုမျိုး၌ ၁၀ ခုမျှသာရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။ KKO

## ဂိုင်ယာဂြိုဟ်တုမှရရှိသော အချက်အလက်များကိုအသုံးပြု၍ ကမ္ဘာဂြိုဟ်နှင့်အနီးဆုံး အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များရှာဖွေနိုင်ခဲ့

**ဘာလင် ဖေဖော်ဝါရီ ၂၁**

ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသည့် ဂိုင်ယာဂြိုဟ်တုမှရရှိသောအချက်အလက်များကို အသုံးပြု၍ ကမ္ဘာဂြိုဟ်နှင့် အနီးဆုံး အာကာသတွင်းနက်တစ်ခုကို ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျုမှ သိပ္ပံပညာရှင်များက ရှာဖွေနိုင်ခဲ့ကြောင်း Scitech Daily သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၀ ရက်က ရေးသာတင်ပြထားသည်။

အဆိုပါအာကာသတွင်းနက်နှင့်ကမ္ဘာတို့ကြား အကွာအဝေးမှာ အလင်းနှစ် ၁၆၀၀ ခန့်သာရှိကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်စ်အင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသတွင်းနက်သည် နေနှင့်ပုံစံတူကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂိုင်ယာဘီအိတ်ချ်-၁ ဟူ၍ အမည်ပေးထားသည့် အဆိုပါ အာကာသတွင်းနက်သည် ကြယ်တစ်စင်း၏ ဒြပ်ထုမျှသာရှိသော အာကာသတွင်းနက်ဖြစ်ကြောင်း သိရသည်။

အရွယ်အစားကြီးမားသော ကြယ်ကြီးများ သက်တမ်းကုန်ချိန်တွင် ဂိုင်ယာဘီအိတ်ချ်-၁ ကဲ့သို့ အာကာသတွင်းနက်များ ပေါ်ထွက်လာတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နဂါးငွေ့တန်းကြယ်စုအတွင်း မှာပင် ဂိုင်ယာဘီအိတ်ချ်-၁ ကဲ့သို့ အာကာသတွင်းနက်များ ရာပေါင်းများစွာရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

KKO

# HEALTH

## ကိုဗစ်ကာကွယ်ဆေးထိုးနှံထားသူလူနာများ၌ နှလုံးသွေးကြောပြဿနာများ နည်းပါးနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်ကာကွယ်ဆေးထိုးနှံထားမှုသည် ကိုဗစ်ရောဂါလူနာများကြား နှလုံးဖောက်မှု၊ လေဖြတ်မှုနှင့် အခြားနှလုံးသွေးကြောဆိုင်ရာပြဿနာများ နည်းပါးလာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကိုဗစ်လူနာပေါင်း ၁ ဒသမ ၉ သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားမှုသည် ကိုဗစ်ကူးစက်ခံခဲ့ရချိန်၌ နှလုံးသွေးကြောဆိုင်ရာပြဿနာများ ပေါ်ထွက်လာနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ကိုဗစ်ကာကွယ်ဆေးကို နှစ်လုံးအပြည့်မထိုးဘဲ တစ်လုံးတည်းသာ ထိုးထားလျှင်လည်း ကိုဗစ်ဖြစ်ပွားချိန်၌ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများ ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ကာကွယ်ဆေးထိုးနှံထားမှုသည် ကိုဗစ်လူနာများ၌ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများ ပေါ်လာနိုင်ခြေအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ကမ္ဘာတစ်ဝန်း ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုနှုန်းကို မြှင့်တင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## သွေးပင်မဆဲလ်အစားထိုးကုထုံးခံယူခဲ့သူ လူနာတစ်ဦး၌ HIV ပိုင်းရပ်ကင်းစင်သွားခဲ့

**ဘာလင် ဖေဖော်ဝါရီ ၂၁**

သွေးကင်ဆာရောဂါအတွက် သွေးပင်မဆဲလ် အစားထိုးကုထုံးရယူခဲ့သည့် လူနာတစ်ဦး၌ ခုခံအားကျဆင်းမှုဗိုင်းရပ် (HIV)လည်း ကင်းစင်သွားခဲ့ကြောင်း ဂျာမနီဆရာဝန်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါလူနာသည် ၂၀၀၈ ခုနှစ်တွင် HIV ဗိုင်းရပ် စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် သုံးနှစ်အကြာတွင် သွေးကင်ဆာရောဂါပါ ခံစားခဲ့သော အသက် ၅၃ နှစ်အရွယ် ဂျာမနီအမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။


သို့ရာတွင် အဆိုပါလူနာသည် သွေးကင်ဆာအတွက် သွေးပင်မဆဲလ် အစားထိုးကုသမှုခံယူပြီးနောက် HIV ဗိုင်းရပ်လည်း ကင်းစင်သွားကြောင်း ဂျာမနီနိုင်ငံ ဒပ်ဆဲလ်ဒေါ့ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါလူနာသည် သွေးပင်မဆဲလ် အစားထိုးကုသမှုခံယူပြီးနောက် HIV ဗိုင်းရပ်ကင်းစင်သွားသော ပဥ္စမမြောက်လူနာဖြစ်ကြောင်း သိရသည်။

အလှူရှင်၏ သွေးပင်မဆဲလ်များ၌ HIV ဗိုင်းရပ်များကို ရှင်းထုတ်နိုင်သော ရှားပါးမျိုးဗီဇပါဝင်နေနိုင်ကြောင်း ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

သွေးပင်မဆဲလ်အစားထိုးကုသမှုသည် အန္တရာယ်များသည့်ကုထုံးတစ်မျိုးဖြစ်ပြီး သာမန်ကုထုံးများ မတိုးတော့သည့် ကင်ဆာလူနာအတွက်သာ ခြွင်းချက်ထား အသုံးပြုနေသောကုထုံးဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Qatar Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အင်ဒီမာရေး တက်ရောက်

**ဒိုဟာ ဖေဖော်ဝါရီ ၂၁**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် အီတလီတင်းနစ်ကစားသမား ဆိုနီဂိုတို့ယှဉ်ပြိုင်ကစားခဲ့ရာအင်ဒီမာရေးက (၄-၆၊ ၆-၁၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ tie-break အဆင့်ထိကစားခဲ့ရပြီး အင်ဒီမာရေးက အနိုင်ရရှိခဲ့သည်။

အင်ဒီမာရေးသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆိုနီဂိုနှင့် တစ်ကြိမ်မှ ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိသကဲ့သို့ အတူလေ့ကျင့်ခဲ့ဖူးခြင်းမရှိသည့်အတွက် ၎င်းနှင့် ယှဉ်ပြိုင်ကစားရန်ပြင်ဆင်လေ့ကျင့်မှုပြုလုပ်ရာတွင် အခက်အခဲရှိခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

အင်ဒီမာရေးက "ကျွန်တော့်အတွက် တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါ။ဆိုနီဂိုနဲ့ကတစ်ခါမှမဆုံဖူးသလို အတူတကွလေ့ကျင့်ခဲ့ဖူးခြင်းမျိုးလဲမရှိပါဘူး။ ဒါကြောင့်ပွဲအခြေအနေကို ကြိုတင်တွက်ဆလို့မရနိုင်ပါဘူး။ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်ရမလဲဆိုတာကိုလဲ ကြိုတင်မျှော်မှန်းလို့မရခဲ့ပါဘူး။ ပြိုင်ဘက်ကို ရင်ဆိုင်ဖို့အတွက် လေ့ကျင့်မှုပြုလုပ်ရာမှာလဲ ခက်ခဲခဲ့ပါတယ်။ ဘယ်လိုနည်းဗျူဟာကိုပြင်ဆင်သွားရမလဲဆိုတာကိုလဲ မသိဘူးဖြစ်ခဲ့ပါတယ်။ ပွဲထဲရောက်တော့ ပထမပွဲငယ်မှာတော်တော်လေးကိုရုန်းကန်ခဲ့ရတယ်။ ဆိုနီဂိုကစားသွားတာကောင်းပါတယ်။ ပထမပွဲငယ်မှာ ပြိုင်ဘက်ရဲ့အထာကို သိလာတော့ ဒုတိယပွဲငယ်မှာဘယ်လိုနည်းဗျူဟာနဲ့ကစားရမလဲဆိုတာကို သိလာပါတယ်။ ပြိုင်ဘက်ကစားသမားအနေနဲ့လဲ ကျွန်တော့်ရဲ့ကစားဟန်ကို သိလာတဲ့အတွက် နောက်ဆုံးပွဲငယ်က တော်တော်ခက်ခဲခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

အင်ဒီမာရေးသည် ဒုတိယအဆင့်တွင် ဂျာမနီအဆင့်(၁)တင်းနစ်ကစားသမားအလက်ဇန္ဒားဇီရက်ဗ်နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက နည်းပြဂရာဟမ်ပေါ်တာ၏ နေရာတွင် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုနှင့် အစားထိုးရန် ဆွေးနွေးခဲ့ရာ နည်းပြပိုချက်တီနိုက ငြင်းပယ်ခဲ့ကြောင်း သိရသည်။
- လာမည့်နှစ်ဘောလုံးရာသီတွင် လက်မှတ်ခဈေးနှုန်းများ တိုးမြှင့်မည်ဟု မန်ယူအသင်းက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ၁၁ နှစ်အတွင်း လက်မှတ်ခအမြင့်ဆုံးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက ရလဒ်များဆိုးရွားနေသည့် နည်းပြမိုယက်စ်ကို လာမည့် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်ကိုသာ စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်ထပ်မံဆိုးရွားခဲ့ပါက နည်းပြ ဘင်နီတက်ဇ်နှင့်အစားထိုးရန် စီစဉ်ထားကြောင်း သတင်းများထွက်ပေါ်နေသည်။ ML

# လီဗာပူးအသင်းကို ရောင်းချမည်မဟုတ်ဟု အသင်းပိုင်ရှင် ဟင်နရီထုတ်ဖော်ပြောကြား



**လန်ဒန် ဖေဖော်ဝါရီ ၂၁**

လီဗာပူးအသင်းကို Fanway Sports Group(FSG)က ဝယ်ယူမည့်သတင်းများမှာ မဟုတ်မှန်ဘဲ FSG အနေဖြင့် အသင်းတွင်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမ်းလှမ်းခြင်းသာဖြစ်ပြီး အသင်းကိုရောင်းချမည်မဟုတ်ဟု အသင်းပိုင်ရှင် ဟင်နရီက ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက လီဗာပူးအသင်းအား FSGကုမ္ပဏီကိုရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သော်လည်း ယနေ့တွင် အသင်းပိုင်ရှင် ဟင်နရီက အဆိုပါကုမ္ပဏီသည် အသင်းရှယ်ယာအနည်းငယ်ကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်သာ ဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု ဖြေရှင်းခဲ့ပြီး လီဗာပူးအသင်းကို ရောင်းချမည် မဟုတ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဟင်နရီက "ကျွန်တော်အနေနဲ့ လီဗာပူးအသင်းကို တွန်ဟစ်နဲ့ ဂျော့ဂျ်လက်တို့ဆီက ၂၀၁၀ ပြည့်နှစ်မှာ စတာလင်ပေါင်သန်း ၃၀၀ နဲ့ဝယ်ခဲ့ပါတယ်။အဲ့ဒီချိန်မှာ လီဗာပူးအသင်းဟာ အမှတ်ပေးဆုဖလားနှစ် ၃၀ လောက် ဝေးကွာနေရပြီး ချန်ပီယံလိဂ်မှာတော့ ခြောက်ကြိမ်ဆုဖလားရယူနိုင်ခဲ့ပါတယ်။ အဲ့ဒီချိန်မှာ FSG က အသင်းမှာ ရင်းနှီးမြှုပ်နှံဖို့ကမ်းလှမ်းခဲ့ပေမဲ့ လက်မခံခဲ့ပါဘူး။ အခုချိန်မှာတော့ အသင်းအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်ရှာဖွေချင်လို့ FSG ကို ရှယ်ယာအနည်းငယ်ရောင်းချဖို့ဆုံးဖြတ်ထားတာပါ။ အသင်းကိုရောင်းချဖို့ဆိုတာတော့ မဟုတ်ပါဘူး။ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေကိုတော့ လက်ခံသွားမှာပါ"ဟု အင်တာဗျူးအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် အသင်းပိုင်ရှင် ဟင်နရီလက်ထက်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆုတစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကာရာဘောင်းဖလားနှစ်ကြိမ်၊ ကွန်မြူနတီဒိုင်းတစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ယူအီးအက်ဖ်အေစူပါကပ်တစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး အသင်းပိုင်ဆိုင်မှုတန်ဖိုးမြင့်တက်လာခဲ့ကြောင်း သိရသည်။ ML

# လာမည့်နွေရာသီတွင် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်မည်ဟု အာဆင်နယ်ခံစစ်ကစားသမား တီယာနေးပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အာဆင်နယ်အသင်း ခံစစ်ကစားသမား တီယာနေးသည် နည်းပြအာတီတာ လက်ထက်တွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသောကြောင့် နွေရာသီတွင် အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တီယာနေးသည် ၂၀၁၉ ခုနှစ်က ဆဲလ်တစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးအသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရကာ ဒူးဒဏ်ရာခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် ခြေစွမ်းပိုင်းကျဆင်းလာသောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွင် လေးပွဲသာ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ကစားခဲ့ရပြီး ဇီချန်ကို၏နောက်တွင်သာ ဒုတိယဦးစားပေးကစားသမားအဖြစ်ပါဝင်နေရသဖြင့် ခြေစွမ်းပြသရန် ရုန်းကန်နေရသောကြောင့် အသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး လာမည့်နွေရာသီတွင် အနာဂတ်အတွက် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်းတာဝန်ရှိသူများက တီယာနေးကို ကမ်းလှမ်းမည့် မည်သည့်ကလပ်အသင်းနှင့်မျှ ဆွေးနွေးသွားမည်မဟုတ်ဘဲ ကစားသမားအနေဖြင့် ဒုတိယရာသီဝက်ကာလအတွက်သာ အာရုံစိုက်သွားရန် ပြောကြားခဲ့သော်လည်း တီယာနေးက မာဆေးအသင်းသို့ အငှားချထားသည့် ခံစစ်ကစားသမား တာဗာရက်စ် ပြန်လည်ရောက်ရှိလာပါက ၎င်းအနေဖြင့် ပွဲထွက်ခွင့်အတွက် ရုန်းကန်ရမည်ကို စိုးရိမ်နေသောကြောင့် အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ML

# လိဒ်အသင်းက နည်းပြဂရာစီယာကို နည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

လိဒ်အသင်းသည် ရလဒ်ပိုင်းဆိုးရွားနေမှုကြောင့် နည်းပြဂျက်ဆီမက်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်ရှာဖွေလျက်ရှိရာ ယနေ့တွင် ကာတာကလပ်အယ်ဆက်ဒ်အသင်းနည်းပြ ဂရာစီယာကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု အတည်ပြုထုတ်ပြန်ခဲ့ကြောင်း 90Min.com က ဖော်ပြခဲ့သည်။

လိဒ်အသင်းသည် နည်းပြဂျက်ဆီမက်ကို ထုတ်ပယ်ခဲ့ပြီးနောက် ဝက်စ်ဘရွန်းအသင်းနည်းပြကော်ဘာရန်ကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း ၎င်းအနေဖြင့် ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်သက်တမ်း တိုးခဲ့သောကြောင့် ဗယ်လ်ကာနိုနည်းပြ အီရာအိုလာနှင့် ဖီယင်နန်နည်းပြ အာနီစလော့တို့ကိုခန့်အပ်ရန်ဆက်လက်ကြိုးပမ်းခဲ့ရာမအောင်မြင်ခဲ့၍ လက်ထောက်နည်းပြစကူဘာလာကိုသာ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ရသည်။

ယာယီနည်းပြ စကူဘာလာသည် မန်ယူအသင်းနှင့် နှစ်ကျော့တွေ့ဆုံခဲ့ရာတွင် ပထမအကျော့တွင် နှစ်ဂိုးစီသရေ၊ ဒုတိယအကျော့တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ပြီးခဲ့သည့်အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြသစ်တစ်ဦးရှာဖွေရန် အပြင်းအထန်ကြိုးပမ်းခဲ့ရာ ကာတာကလပ်အယ်ဆက်ဒ်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြ ဂရာစီယာကိုသာ ခန့်အပ်ရန်ဆုံးဖြတ်ခဲ့သည်။

လိဒ်အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ၂၃ ပွဲအပြီးတွင် လေးပွဲနိုင်၊ ခုနစ်ပွဲ သရေ၊ ၁၂ ပွဲ ရှုံးဖြင့် ရမှတ် ၁၉ မှတ်သာရရှိခဲ့သောကြောင့် အမှတ်ပေးဇယားအဆင့်(၁၉)တွင် ရောက်ရှိနေပြီး တန်းဆင်းရန် သေချာနေသဖြင့် ၂၀၁၉ ခုနှစ်က ဝက်ဖို့ဒ်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က အသင်းကို အက်ဖ်အေဖလားဗိုလ်လုပွဲသို့ ပို့ဆောင်နိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိနေသည့် နည်းပြဂရာစီယာကိုသာ နည်းပြသစ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသား၊အမျိုးသမီးမီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဒုတိယဝန်ကြီးများဖြစ်သည့် ဒေါက်တာ ဇော်မြင့်နှင့် ဦးမျိုးလှိုင်တို့က ဆုဆွဲပြားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ကျင်းပလျက်ရှိသည့် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနား ကျင်းပခဲ့ရာ တတိယဆုရရှိသည့် မုံရွာ(EDC) အသင်း၊ ဒုတိယဆုရရှိသည့် တောင်ငူ(EDC)အသင်း၊ ပထမဆုရရှိသည့် ရန်ကင်း(EDC)အသင်းတို့ကို ဒေါက်တာဇော်မြင့်နှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေနှင့် တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိနေသည့် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ကစားခဲ့သည့် မကွေးပညာရေး ဒီဂရီကောလိပ်အသင်းနှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်အသင်းတို့ ပွဲစဉ်ကို အားပေးခဲ့ပြီး အဆိုပါပွဲစဉ်တွင်မကွေးပညာရေးဒီဂရီကောလိပ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အင်္ဂလန်နိုင်ငံအခြေစိုက် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် ၂၀၂၃ဂေါက်သီးရိုက်ရာသီ၌ LIV Golf ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း LIV Golf အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်ဟု Nord သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံဂေါက်သီးရိုက်ကစားသမား သောမတ်စ်ပီတာ၊နယူးဇီလန်ဂေါက်သီးရိုက်ကစားသမား ဒန်နီလီ၊ တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဘမ်မက်စတာ၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရန်ဒင်စတီလီတို့လည်း ပါဝင်ယှဉ်ပြိုင်ရန် လက်မှတ်ရေးထိုးခဲ့သည့်အတွက် အသင်း ၁၂ သင်းဖြင့် ကျင်းပရန် ကစားသမားဦးရေပြည့်မြောက်ခဲ့ပြီး တစ်သင်းလျှင် လေးဦးပါဝင်မည်ဖြစ်က အသင်း ၁၂ သင်းဖြင့် စုစုပေါင်း ၄၈ ဦး ပါဝင်သွားမည်ဖြစ်သည်။

သောမတ်စ်ပီတာက "Genesis Invitationalဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော်အနှစ်သက်ဆုံးပြိုင်ပွဲဆိုပေမဲ့ အဆိုပါပြိုင်ပွဲနဲ့လွဲချော်ခဲ့ရပါတယ်။ ကမ္ဘာ့အဆင့် (၃၅) နေရာမှာရပ်တည်နေပေမဲ့ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့် မရခဲ့တဲ့အတွက် စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်တော့်အနေနဲ့ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တဲ့အတွက် PGA Tour တွေနဲ့လွဲချော်ရမှာပါ"ဟု ပြောကြားခဲ့သည်။

သောမတ်စ်ပီတာသည် ဖြိုးခဲ့သည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လက်ရည်စစ်ပွဲအဆင့်ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရပြီးနောက် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL

# ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် သက်ကျော်ကစားသမားများ အသုံးပြုခွင့်ရရှိမည်မဟုတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပရေး ကော်မတီက သက်ကျော်ကစားသမားအသုံးပြုခွင့် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၀၁ ခုနှစ်ပြိုင်ပွဲမှ ၂၀၁၅ ခုနှစ် ပြိုင်ပွဲထိ အသက် ၂၃ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ကျင်းပခဲ့ကြပြီး ၂၀၁၇ခုနှစ်နောက်ပိုင်းတွင် ယူ-၂၂ ပြိုင်ပွဲအဖြစ်ပြောင်းလဲကျင်းပခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲကို ယူ-၂၂နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ၂၀၁၉ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် သက်ကျော်ကစားသမားနှစ်ဦးအသုံးပြုခွင့်ပေးခဲ့ပြီး ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ၌ သက်ကျော်ကစားသမားသုံးဦးထိ တိုးမြှင့်အသုံးပြုခွင့်ပေးခဲ့သည်။

၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီက အစောပိုင်းက အမျိုးသားဘောလုံးပြိုင်ပွဲ၌အသက်ကျော်လွန်သည့်ကစားသမား နှစ်ဦးအသုံးပြုခွင့်ပေးရန် စီစဉ်ထားသော်လည်း အာရှဘောလုံးအဖွဲ့ချုပ်က အသုံးမပြုရန်တိုက်တွန်းမှုကြောင့် အသက်ကျော်လွန်သည့်ကစားသမားအသုံးပြုခွင့်ကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ဆီးဂိမ်းပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်ထိကျင်းပမည်ဖြစ်သော်လည်း အမျိုးသားဘောလုံးပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှစတင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# ကန်နဲလိုအယ်ဗာရက်ဇ်က လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို မေလတွင် ထိုးသတ်သွားမည်

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၁**

WBA(Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်သည် မေ ၆ ရက်တွင် မက္ကဆီကိုနိုင်ငံ ဂွာလစ်ကိုမြို့၌ အင်္ဂလန်လက်ဝှေ့သမား ဂျွန်ရိုက်ဒါဖြင့် ထိုးသတ်မည်ဟု Boxing 247 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကန်နဲလိုအယ်ဗာရက်ဇ်နှင့်ဂျွန်ရိုက်ဒါတို့ထိုးသတ်မည်ဖြစ်ကြောင်းကို တရားဝင် ပြောကြားခဲ့ခြင်းမရှိဘဲ ထိုးသတ်မည့်နေရာနှင့် အချိန်ကိုသာထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကန်နဲလိုအယ်ဗာရက်ဇ်သည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် မက္ကဆီကိုနိုင်ငံတွင် ထိုးသတ်သွားမည်ဖြစ်သည်။

မက္ကဆီကိုနိုင်ငံတွင် ထိုးသတ်ရန်အတွက် တိုက်တွန်းမှုများရှိခဲ့သော်လည်း ကန်နဲလိုအယ်ဗာရက်ဇ်က မက္ကဆီကိုနိုင်ငံပြင်ပတွင်သာ ရွေးချယ်ခဲ့ပြီး ၁၂ နှစ်တာကာလအတွင်း မက္ကဆီကိုနိုင်ငံ၌ ပထမဆုံးအကြိမ်ထိုးသတ်မည့် ကန်နဲလိုအယ်ဗာရက်ဇ်သည် ပြိုင်ဘက်ကစားသမားအမည်ကို တရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း အမေရိကန်နာမည်ကြီးသတင်းထောက်ဖြစ်သူ ဆယ်လ်ဗာဒိုရီဒရီကွက်ဇ်က ကန်နဲလိုအယ်ဗာရက်ဇ်ထိုးသတ်မည့် ပြိုင်ဘက်မှာ ဂျွန်ရိုက်ဒါဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# မြန်မာဘောလုံးလောကဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်စပွန်ဆာစာချုပ်ချုပ်ဆို




**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်စပွန်ဆာစာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်မက်စ်၌ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းကနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနောက် ရောဝတီဘဏ် အမှုဆောင်အရာရှိချုပ် ဦးမြင့်ဇော်က ပံ့ပိုးကူညီရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး အမှတ်တရလက်ဆောင်ပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ရောဝတီဘဏ်သည် မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ဖူဆယ်လက်ရွေးစင်အသင်းနှင့် ဖူဆယ်ပြိုင်ပွဲများ၊ သက်တမ်းလိုက် လူငယ်လက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန်၊ နိုင်ငံတကာခြေစမ်းပွဲများကစားနိုင်ရန်၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များသွားရောက်နိုင်ရန်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ အကယ်ဒမီကျောင်းများ လည်ပတ်ဆောင်ရွက်ရန်နှင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို မိတ်ဖက်ပံ့ပိုးကူညီသူအဖြစ် တစ်နှစ်အတွက်ငွေကျပ်သိန်း ၁၀၅၀၀ ပံ့ပိုးကူညီမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို Alpine သောက်ရေသန့်၊ RGK+ Z&A Group၊ Warrix အားကစားပစ္စည်း၊ PAN အားကစားဖိနပ်၊ နိုဗိုတယ်ဟိုတယ်မက်စ်တို့လည်း Co-Sponsors များအဖြစ် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းအဆင့် ပ-အကျော့ ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ်** Vs **မန်စီးတီး**

**ကစားမည့်ရက်/အချိန် ၂၃-၂-၂၀၂၃ (နံနက် ၀၂:၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၂ - ၁ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **မန်စီးတီး** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |

လိုက်ပ်ဇစ်အသင်းဟာ အိမ်ကွင်းကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်တွေဆိုးရွားနေပါတယ်။ မန်စီးတီးအသင်းက အဝေးကွင်းဆိုပေမဲ့ လိုက်ပ်ဇစ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၁ - ၂ မန်စီးတီး**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဘီလီဇီနိုင်ငံ)




ဘီလီဇီနိုင်ငံ၏ တည်နေရာပြမြေပုံ

**နိဒါန်း**

ဘီလီဇီနိုင်ငံ (Belize) သည် ဗြိတိသျှ ဟွန်ဒူးရပ်စ် (British Honduras)ဖြစ်ခဲ့ပြီး ယခုအခါ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်သောလွတ်လပ်သည့်ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ဗဟိုအမေရိက၏ မြောက်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး လူမျိုးစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့်ဘာသာစကားပေါင်းစုံရှိသည်။ တရားဝင်ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး စပိန်ဘာသာစကားနှင့် ဘလိဇ်ဘာသာစကားတို့ကိုလည်း ပြောဆိုကြသည်။ ဘယ်လ်မိုပန် (Belmopan city) မြို့မှာ ဘီလီဇီနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ဘလိဇ် (Belize city )မြို့မှာ အကြီးဆုံးမြို့ဖြစ်သည်။ ဘီလီဇီနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံနိုင်ငံအဖြစ်မှ ၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခွင့်ရသည့်နိုင်ငံဖြစ်ပြီး ၁၉၈၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

ဘီလီဇီနိုင်ငံသည် ဗဟိုအမေရိကအတွင်းရှိ အရှေ့ဘက်ကျသော ကမ်းရိုးတန်းပေါ်တွင်တည်ရှိပြီး နိုင်ငံ၏ မြောက်ဘက်တွင် မက္ကဆီကိုနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ဂွါတီမာလာနိုင်ငံ၊ အရှေ့ဘက်တွင် ကာရစ်ဘီယံပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသည်။ ဧရိယာအားဖြင့် ၈၈၆၇ စတုရန်းမိုင် (၂၂၉၆၆ စတုရန်းကီလိုမီတာ)ကျယ်ဝန်းပြီး နိုင်ငံပိုင်မြေဧရိယာ အများဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် အဆင့် ၁၄၇ အဖြစ် ရပ်တည်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်က ဒေသတွင်း ကောက်ယူခဲ့သည့် စစ်တမ်းများအရ ခန့်မှန်းလူဦးရေ ၄၁၉၁၉၉ ရှိပြီး နိုင်ငံလူဦးရေ၏ ၅၂ ဒသမ ၉ ရာခိုင်နှုန်းမှာ မက်စတီဇို၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ခရီအို၊ ၁၁ ဒသမ ၃ ရာခိုင်နှုန်းမှာ မာယာ၊ ၆ ဒသမ ၁ ရာခိုင်နှုန်းမှာ ဂါရီဖူနာ၊ ၄ ဒသမ ၈ ရာခိုင်နှုန်းမှာ ဥရောပတိုက်သားများ၊ ၃ ဒသမ ၉ ရာခိုင်နှုန်းမှာ အင်ဒီးယန်း၊ ၁ ဒသမ ၀ ရာခိုင်နှုန်းမှာ တရုတ် စသည့်လူမျိုးစုများနေထိုင်လျက်ရှိပြီး ကျန် ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ အခြား(မသိရှိ) လူမျိုးစုများဖြစ်သည်။ ဘီလီဇီနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှု အနေဖြင့် နိုင်ငံ့လူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာ ၂၅ ဒသမ ၅ ရာခိုင်နှုန်းမှာ ဘာသာမဲ့များဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းနှင့်အထက်မှာ အခြားသော ဘာသာဝင်များဖြစ်သည်။

**အစိုးရဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဦးဆံပိုင်ဘုရင်စနစ်နှင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံတစ်ခုဖြစ်သည်။ ဥရောပတိုက်ရှိ နိုင်ငံများ (အထူးသဖြင့် အင်္ဂလန်နိုင်ငံ)၏ Westminster ပါလီမန်စနစ်များအပေါ် အခြေခံထားသည့် ဒီမိုကရေစီပုံစံမျိုးဖြစ်သည်။ တတိယမြောက်ချားလ် (King Charles III) သည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး ဘုရင်ခံဖြစ်သူ Froyla Tzalam က ကိုယ်စားပြုအုပ်ချုပ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံ၏အုပ်ချုပ်ရေးတာဝန်များကို အဓိကဆောင်ရွက်ပြီး ပါလီမန်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားပြုခေါင်းဆောင်များသည် အစိုးရအဖွဲ့ဝန်ကြီးများဖြစ်ကြသည်။ အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ လွှတ်တော် (ဆီးနိတ်)မှ ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်သည်။ ဘီလီဇီနိုင်ငံအစိုးရအဖွဲ့ ဖွဲ့စည်းမှုတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ဒေသဆိုင်ရာအခွင့်အာဏာရစီမံခန့်ခွဲမှုဟူ၍ ကဏ္ဍကြီး ၄ ခု ပါဝင်လျက်ရှိသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံ၏ လွှတ်တော်ကို အထက်လွှတ်တော် (Upper House)နှင့် အောက်လွှတ်တော် (Lower House) ဟူ၍ လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံး၏သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။

**(က)အထက်လွှတ်တော် (Upper House)**

အထက်လွှတ်တော်ကို ဘုရင်ခံချုပ်၏ အမိန့်အရ ခန့်အပ်ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်များထဲမှ သင့်တော်သူကို ရွေးကောက်တင်မြှောက်၍သော်လည်းကောင်း၊ လွှတ်တော်၏ပြင်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်းခန့်အပ်သည်။

**(ခ) အောက်လွှတ်တော်(Lower House)**

အောက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၃၁ နေရာဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်ကို ဘီလီဇီနိုင်ငံ၏ ခရိုင် ၆ ခုအတွင်းမှ နိုင်သူအကုန်ယူစနစ် (First Past The Post FPTP System) ဖြင့် ပြည်သူများမှ မဲပေးရွေးကောက်တင်မြှောက်သည်။

**ကျင်းပသည့်ရွေးကောက်ပွဲများ**

ဘီလီဇီနိုင်ငံတွင် ကျင်းပလေ့ရှိသည့် ရွေးကောက်ပွဲများမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ စည်ပင်ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့ဖြစ်ကြသည်။

**ရွေးကောက်ပွဲစနစ်**

အောက်လွှတ်တော်(Lower House ) အတွက်သာ အထွေထွေရွေးကောက်ပွဲကို ကျင်းပသည်။ မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP-First Past The Post System) ကို ရွေးကောက်ပွဲများ စတင်ကျင်းပခဲ့စဉ်ကပင် ယနေ့အထိ ကျင့်သုံးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ ၁၉၅၄ ခုနှစ်က ဗြိတိသျှဟွန်ဒူးရပ်စ်တို့၏ ဥပဒေပြုရေးလွှတ်တော်မှ ဖွဲ့စည်းပုံအတိုင်း ရွေးကောက်ခံကိုယ်စားလှယ် ၉ ဦးဖြင့် ဖန်တီးပုံဖော်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ကိုယ်စားလှယ် ၁၈ ဦး၊ ၁၉၈၄ ခုနှစ်တွင် ကိုယ်စားလှယ် ၂၈ ဦး၊ ၁၉၉၃ ခုနှစ်တွင် ကိုယ်စားလှယ် ၂၉ ဦးမှသည် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲအရောက်တွင် ကိုယ်စားလှယ်အရေအတွက်ပေါင်း ၃၁ ဦးအဖြစ် ကိုယ်စားလှယ်ဦးရေကို တစ်ကြိမ်ထက်တစ်ကြိမ်ပို၍ ကျယ်ပြန့်စွာကျင်းပခဲ့ခြင်းလည်းဖြစ်သည်။ အမျိုးသားညီလာခံအတွင်းရှိ အဓိကကျသောပါတီကြီး၏ခေါင်းဆောင်ဖြစ်သူမှာ ဘီလီဇီနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးတာဝန်ကို ဆက်ခံသူဖြစ်လာသည်။

**ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့် ထူးခြားဖြစ်စဉ်များ**

ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့် ထူးခြားဖြစ်စဉ်များအနေဖြင့် ပြည်သူ့ညီညွတ်ရေးပါတီ(PUP) သည် ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲတွင် အောက်လွှတ်တော် အမတ် ၂၆ နေရာအထိ အပြတ်အသတ်စံချိန်တင် အနိုင်ရခဲ့ပြီး ပြိုင်ဘက်ဖြစ်သူ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) သည် ၁၉၉၈ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံးရလဒ်အနေဖြင့် ၅ နေရာသာ အနိုင်ရခဲ့သည်။ ပြီးခဲ့သောနှစ်များအတွင်း ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်ကူးစက်ပြန့်ပွားသည့် ကပ်ရောဂါ (ကိုဗစ်-၁၉)နှင့် အပူပိုင်းမုန်တိုင်း (Eta) ၏ သက်ရောက်မှုများကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်းဆန္ဒမဲလာရောက်ပေးသူ ၈၁ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းဆန္ဒမဲပေးသူရာခိုင်နှုန်းအမြင့်ဆုံးအထိဖြစ်ခဲ့သည်။

**ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်ကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ချမှတ်ခဲ့သော ဘီလီဇီဖွဲ့စည်းပုံအခြေခံဥပဒေ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပြီး ပုဒ်မ ၈၈ တွင် တရားဝင်ထည့်သွင်းဖော်ပြထားသည်။ ဘီလီဇီရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (Belize Elections and Boundaries Commission -EBC) ဟု ခေါ်ဆိုကြပြီး ဒေသဆိုင်ရာနှင့်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ အားလုံးကို ကြီးကြပ်ဆောင်ရွက်သည်။ ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်ကွဲပြားမှုများကိုလည်း ချမှတ်ပေးသည့်အဖွဲ့ဖြစ်သည်။ ကော်မရှင်သည် မဲဆန္ဒရှင်များ၏ အချက်အလက်များကို ထိန်းသိမ်းထားပြီး မဲဆန္ဒရှင်များ၏ အခြေအနေကို အချိန်အခါအလိုက် အသိပေးသည်။ တန်းတူညီမျှစွာ မဲခွဲဝေမှုစနစ်အား ထိန်းသိမ်းထားနိုင်ရန် မဲဆန္ဒနယ်ဆိုင်ရာနယ်နိမိတ်များကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုသတ်မှတ်ချက်များကိုလည်း အခါအားလျော်စွာ ပြုလုပ်သည်။

**ဗဟိုနှင့် အဖွဲ့ခွဲများဖွဲ့စည်းပုံ**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်ကို ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင် ၄ ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂ ဦးကို အတိုက်အခံခေါင်းဆောင်နှင့် ဆွေးနွေးပြီး ဘုရင်ခံချုပ်ကခန့်အပ်တာဝန်ပေးသည်။ အခြားအဖွဲ့ဝင်များကို အတိုက်အခံခေါင်းဆောင်၏သဘောတူညီချက်ဖြင့် အလားတူခန့်အပ်သည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ၄ ဦးတို့၏ ရာထူးသက်တမ်းမှာ ၅ နှစ် ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဗဟိုရုံးနှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးများ ဖွဲ့စည်းဆောင်ရွက်သည်။ ခရိုင်အဆင့်ရုံးခွဲ ၆ ရုံးရှိပြီး မြို့နယ်အဆင့်ရုံးခွဲများအနေဖြင့် ၁၁ ရုံး ဖွင့်လှစ်ထားရှိသည်။ အထက်ပါရုံးများတွင် ရွေးကောက်ပွဲအရာရှိများ၊ လက်ထောက်ရွေးကောက်ပွဲအရာရှိများနှင့် စာရေးဝန်ထမ်းများ ခန့်အပ်ထားရှိသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့- (Electoral Management Bodies -EMB)တွင် ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (Election and Boundaries Commission- EBC) နှင့် ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာန (Election and Boundaries Department -EBD)ဟူ၍ ၂ ခု ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုစီသည် သီးခြားတရားဝင်အဖွဲ့အစည်းများဖြစ်သည်။

ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာနကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၈ ၏ ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်မှုအပြီးတွင် ပြည်သူ့ကိုယ်စားပြုမှုအက်ဥပဒေ (၁၉၈၈ ခုနှစ်၏ ပြဋ္ဌာန်းချက်အပိုဒ် ၂၆ )ကို ပြင်ဆင်ချက်ပြုလုပ်ကာ တည်ထောင်ခဲ့သည်။ ထို့နောက် ဝန်ထမ်းရေးရာကိစ္စရပ်များ အားလုံးကို ရွေးကောက်ပွဲနှင့်နယ်နိမိတ်ကော်မရှင်မှ ပြည်သူ့ဝန်ဆောင်မှုကော်မရှင်သို့ လွှဲပြောင်းပေးခဲ့သည်။ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် နေ့ရက်စွဲပါ အက်ဥပဒေ အမှတ် ၂ အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်ဖြင့် ရွေးကောက်ပွဲအရာရှိချုပ်အား ပြည်သူ့ဝန်ဆောင်မှု ကော်မရှင်ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ရွေးကောက်ပွဲအရာရှိချုပ်နှင့် ဝန်ထမ်းများသည် နေ့စဉ် စီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အားလုံးအတွက် တာဝန်ယူကြရသည်။ ရွေးကောက်ပွဲအရာရှိချုပ်သည် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာဌာန၊ ရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရသည်။

ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာနသည် ဗဟိုရုံး ၁ ရုံး၊ ရုံးခွဲပေါင်း ၁၅ ခု ဖွင့်လှစ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဗဟိုရုံးသည် အုပ်ချုပ်မှုစင်တာအဖြစ်လည်းကောင်း၊ မှတ်တမ်းနှင့်အချက်အလက်အားလုံးကို ထိန်းသိမ်းရာနေရာအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုများအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြုစုရန်ညွှန်ကြားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စာရင်းများပြုစုခြင်း၊ ရွေးကောက်ပွဲမှတ်တမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့်ထိန်းသိမ်းခြင်း၊ ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲဆိုင်ရာများလွှဲပြောင်းပေးအပ်ခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ကြသည်။

**နိုင်ငံရေးပါတီများဆိုင်ရာ**

ဘီလီဇီနိုင်ငံတွင် အဓိကအားဖြင့် ပါတီကြီး ၂ ခုနှင့် ပါတီငယ် ၃ ခု စုစုပေါင်း နိုင်ငံရေးပါတီ ၅ ခုရှိသည်။ ပြည်သူ့ညီညွတ်ရေးပါတီ (People United Party- PUP )နှင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (United Democratic Party -UDP)တို့မှာ ပါတီကြီးများဖြစ်ကြပြီး ဘီလီဇီပြည်သူ့ရှေ့ဆောင်ပါတီ (Belize People Front-BPF)၊ ဘီလီဇီကြီးပွားရေးပါတီ (Belize Progressive Party-BPP) နှင့် ပြည်သူ့အမြင်ပါတီ (Vision Inspired by the People -VIP) တို့မှာ ပါတီငယ်များဖြစ်ကြသည်။ အခြားကွယ်ပျောက်သွားသည့် ပါတီငယ် ၁၁ ခုလည်းရှိပြီး နေရာအချို့မှလွဲ၍ တက်ကြွလှုပ်ရှားမှုနှင့်ဆောင်ရွက်မှုနည်းပါးသော လက်ရှိပါတီငယ် ၂ ခုလည်းရှိသည်။ ၎င်းတို့မှာ ကိုရိုဇယ်ရှေ့ဆောင် အင်အားစုပါတီ (Corozal United Front - CUF)၊ ဆန်ပက်ဒရိုတိုးတက်မှုအင်အားစုပါတီ(San Pedro United Movement - SPUM) တို့ဖြစ်ကြသည်။

ပါတီစနစ်ကို ဗဟိုလက်ဝဲပြည်သူ့ ညီညွတ်ရေးပါတီနှင့် ဗဟိုလက်ယာညီညွတ်သော ဒီမိုကရက်တစ်ပါတီတို့ကသာ အဓိကလွှမ်းမိုးထားသည်။ ပါတီငယ်များမှာ ယခင်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး သိသာထင်ရှားသော ကိုယ်စားလှယ်အရေအတွက်နေရာများကို မည်သည့်အခါကမျှ မရရှိခဲ့သော်လည်းပါတီငယ်များ၏ စိန်ခေါ်ယှဉ်ပြိုင်မှုများသည်လည်း နှစ်အလျောက်ကြီးထွားမှုရှိခဲ့သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ**

ဘီလီဇီနိုင်ငံသားဖြစ်သူ မည်သူမဆို အသက် ၂၁ နှစ်နှင့် အထက်ဖြစ်ပါက ပါလီမန်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ရပ်တည်နိုင်သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူ

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

မည်သူမဆို အမည်စာရင်းတင်သွင်းသည့်နေ့ သို့မဟုတ် မဲဆန္ဒရှင်အမည်စာရင်း လျှောက်ထားသည့်နေ့တွင် တရားဝင်အမည်စာရင်း တင်သွင်းလျှောက်ထားရန်လိုအပ်သည်။ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်နိုင်ရမည်။ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန်လိုအပ်သည့် အထွေထွေစာရင်းအတွက် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်သည့် ပုဂ္ဂိုလ် ၆ ဦးသည် ကိုယ်စားလှယ်လောင်းအတွက် သက်သေအဖြစ် အမည်စာရင်းတင်သွင်းလွှာကို လက်မှတ်ရေးထိုးပေးရသည်။ ကိုယ်စားလှယ်လောင်း၏အမည်စာရင်းတင်သွင်းလွှာတွင် လက်မှတ်ရေးထိုးပြီးပါက ရွေးကောက်ပွဲဝင်ရန် အဆိုတင်သွင်းခြင်းအား အတည်ပြုသည်။ အမည်စာရင်းတင်သွင်းသည့်နေ့ ညနေ ၄ နာရီအချိန်ထိ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာ အမည်စာရင်းတင်သွင်းပါက ရွေးချယ်ခံရသူ ပုံစံ ၂၀ တွင် ထောက်ခံအတည်ပြုပြီး ရွေးချယ်ခံရကြောင်း ပြန်လည်အပ်နှံရေးအရာရှိမှ ကြေညာပြီး လျှောက်ထားသူအား ပုံစံ ၂၀ ထောက်ခံစာကို ပြန်လည်ပေးပို့သည်။

ဘုရင်ခံချုပ်ထံပေးပို့ရန် ရွေးကောက်ပွဲ အရာရှိချုပ်မှ ဆောင်ရွက်သည်။ ကိုယ်စားလှယ်လောင်းများအားလုံးသည် အစိုးရဘဏ္ဍာတိုက်သို့ သတ်မှတ်ထားသော သက်ဆိုင်ရာစပေါ်ငွေများပေးဆောင်ကြရသည်။ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ မဲဆွယ်စည်းရုံးမည့် အသုံးစရိတ်ကို မဲဆန္ဒနယ်တွင် စာရင်းသွင်းထားသည့် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်၍ ကျယ်ပြန့်စွာကန့်သတ်ထားရှိသည်။ ကန့်သတ်ချက်များကို ရွေးကောက်ပွဲနှင့်နယ်နိမိတ်ကော်မရှင်မှ ဥပဒေအရ အဓိကကြီးကြပ်ဆောင်ရွက်သည်။

**မဲဆန္ဒရှင်များဆိုင်ရာ**

အသက် ၁၈ နှစ်ပြည့်ပြီး ဘီလီဇီနိုင်ငံသားဖြစ်သူ၊ ဘီလီဇီနိုင်ငံတွင် ပုံမှန် ၁၂ လထက် မနည်းနေထိုင်ခဲ့ပြီး မည်သည့်ဓနသဟာယနိုင်ငံများတွင်မဆို နေထိုင်သူ၊ ရွေးကောက်ပွဲကျင်းပရာ နယ်မြေတွင် ၂ လထက်မနည်း အမှန်တကယ် အခြေချနေထိုင်သည့် မည်သည့်ဓနသဟာယနိုင်ငံမှ ပုဂ္ဂိုလ်မဆို မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းနိုင်ပြီး ဆန္ဒမဲပေးခွင့်ရှိသည်။ မဲဆန္ဒရှင် အမည်စာရင်းသွင်းရန် သက်ဆိုင်ရာ ဒေသရှိ ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဦးစီးဌာန၏ မှတ်ပုံတင်ရုံးသို့သွားရောက်ပြီး မှတ်ပုံတင်ခြင်း (လျှောက်ထားခြင်း)ကို ပုံမှန်ရုံးချိန်အတွင်းတွင် လျှောက်ထားနိုင်သည်။ အဆိုပါ မဲဆန္ဒရှင်အမည်စာရင်းသွင်းခြင်းလုပ်ငန်းများကို ဘီလီဇီနိုင်ငံတစ်ဝန်းရှိ ရုံးခွဲ ၁၄ ခုတွင် ဆောင်ရွက်ပေးပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ တာဝန်ကျအရာရှိများမှ ကြီးကြပ်ကွပ်ကဲသည်။ မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်အမည်စာရင်းသွင်းရန် နိုင်ငံသားဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အထောက်အထားများအတွက် မွေးစာရင်းလက်မှတ်၊ နိုင်ငံကူးလက်မှတ်၊ မွေးစားခြင်းဆိုင်ရာလက်မှတ်၊ အခြားလိုအပ်မည့် စာရွက်စာတမ်းအထောက်အထားများနှင့်တကွ နိုင်ငံသားစိစစ်ရေးကတ်များကိုတင်ပြရသည်။ ဆန္ဒမဲအမှန်တကယ်ပေးလိုပြီး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာအရည်အချင်းပြည့်မီသူ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာဒေသရှိရုံးခွဲများသို့ ကိုယ်တိုင်သွားရောက်ပြီး လျှောက်ထားမှသာ မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး ဆန္ဒမဲပေးခွင့်ရမည့်နည်းစနစ်မျိုး ကျင့်သုံးခြင်းဖြစ်သည်။

**ဆန္ဒမဲပေးခြင်း**

ဆန္ဒမဲပေးရမည့် နေရာများအဖြစ် မဲဆန္ဒနယ်တစ်ခုစီကို မဲရုံတစ်ရုံအဖြစ် သတ်မှတ်ပြီး မဲရုံတစ်ရုံအတွင်းတွင် မဲရုံငယ်များဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ဆန္ဒမဲပေးသည့်အခါ မဲဆန္ဒရှင်အမည်စာရင်းတွင် ပါဝင်ပြီးသူဖြစ်ပါက အမည်၊ မဲရုံအမှတ်နှင့် မဲပေးရမည့်မဲရုံလိပ်စာတို့ကို ရိုက်နှိပ်ထားသည့် မဲဆန္ဒရှင်ကတ်ပြားကို စာတိုက်မှတစ်ဆင့် လက်ခံရရှိမည်ဖြစ်သည်။ မဲဆန္ဒရှင်ကတ်ပြားများသည် သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ အချက်အလက်များရေးသွင်းထားခြင်းဖြစ်ပြီး ဆန္ဒမဲပေးသည့်အခါ မဲဆန္ဒရှင်ကတ်ပြားကို ယူဆောင်လာရသည်။ မဲရုံအများစုကို ကျောင်းများ၊ ရပ်ရွာစင်တာများနှင့် ဘုရားကျောင်းများကဲ့သို့ အများနှင့် သက်ဆိုင်သော အဆောက်အအုံများတွင် အသုံးပြုရန် သတ်မှတ်ထားသော်လည်း လိုအပ်ချက်ရှိပါက အခြားသော အဆောက်အအုံများကိုလည်း အသုံးပြုနိုင်သည်။ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်နိုင်သည်။ ဆန္ဒမဲပေးရာတွင် လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ကျင့်သုံးပြီး မဲရုံအတွင်းရှိ ဆန္ဒပြုရန်သတ်မှတ်ထားသောနေရာတွင်သာ ဆန္ဒမဲပေးရသည်။ မဲရုံအတွင်းတွင် မဲရုံတာဝန်ခံ သို့မဟုတ် ဥက္ကဋ္ဌ၊ မဲရုံအရာရှိနှင့်တာဝန်ရှိသူများ၊ တာဝန်ကျ ရဲအရာရှိများ၊ ကိုယ်စားလှယ်လောင်းများ၊ ၄င်းတို့၏ ရွေးကောက်ခံကိုယ်စားလှယ်များသည်လည်း ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်အသီးသီးကို ထမ်းဆောင်ကြသည်။

မဲရုံမဖွင့်မီအချိန်ကပင် ဥပဒေအရ ဆန္ဒမဲပေးနိုင်သည့်အချိန်အတွင်း မဲရုံတာဝန်ခံ ဥက္ကဋ္ဌနှင့် မဲစာရင်းရေးသွင်းသူ ဝန်ထမ်း ၂ ဦးတို့သည် မဲရုံသို့ နံနက် ၆ နာရီ မတိုင်မီလာရောက်ပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ကြရသည်။ ရွေးကောက်ပွဲဆိုင်ရာ သတိပေးချက်များ၊ ကြေညာချက်များနှင့် ဆန္ဒမဲပေးနိုင်မည့်အစီအစဉ်များကို စနစ်တကျဆောင်ရွက်ကြသည်။ နံနက် ၆ နာရီ ၄၅ မိနစ်တွင် မဲရုံတာဝန်ခံဥက္ကဋ္ဌသည် မဲပုံးများကိုစစ်ဆေးရပြီး ဝင်ရောက်ယှဉ်ပြိုင်သည့်ကိုယ်စားလှယ်လောင်းများနှင့် အခြားတာဝန်ရှိသူများကိုပြသ၍ မည်သည့်မဲလက်မှတ်မှ မဲပုံးထဲတွင်မရှိကြောင်း သက်သေပြရသည်။ ထို့နောက် မဲပုံးများကို လုံခြုံရေးကြိုးများ သို့မဟုတ် သော့များဖြင့် လုံခြုံစွာပိတ်ကာ ဆန္ဒမဲပေးခြင်းကို ခွင့်ပြုသည်။ မဲလက်မှတ်များပေါ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏အမည်များကို အက္ခရာအစဉ်လိုက် ဖော်ပြထားသည်။

**ရွေးကောက်ပွဲရလဒ်များ ရေတွက်ခြင်း၊ ကြေညာခြင်း**


မဲပုံးအားလုံးကို မဲရေတွက်သည့် မဲဆန္ဒနယ် တစ်ခုစီ၏ အလယ်ဗဟိုနေရာတွင်ရှိသော မဲရေတွက်ရန် သတ်မှတ်ထားရာစင်တာသို့ လုံခြုံစွာ သယ်ဆောင်သွားပြီးနောက် မဲပုံးတစ်ခုချင်းစီကိုရှင်းလင်းစွာနေရာချထားပေးရသည်။ မဲလက်မှတ်များကို ရောနှောကာ ကူညီဆောင်ရွက်ပေးသူများက မဲများကို ရေတွက်ကြသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ အရှေ့တွင် ဆောင်ရွက်ပေးရသည်။ မဲပုံးနှစ်ပုံး အား တစ်ပြိုင်တည်းရေတွက်နိုင်သည်။ မဲရေတွက်သည့် အဖွဲ့တွင် မဲရေတွက်သည့်အရာရှိ ၄ ဦး ပါဝင်သည်။ တစ်ဦးသည် မဲလက်မှတ်များကို ရေတွက်ပြီးကြောင်း စာရင်းသွင်းမှတ်တမ်းတင်ရန်၊ တစ်ဦးသည် မဲဆန္ဒနယ် အလိုက် မဲများကိုအစုအဝေး ၂၅ ခုဖြင့် စုစည်းပြုစုရန်၊ အခြားအရာရှိ ၂ ဦးမှာ မဲစာရင်းစာရွက်ပေါ်တွင် မှတ်တမ်းတင်ရန် ရေတွက်ပေးရခြင်းဖြစ်သည်။ မဲ အားလုံးကိုရေတွက်ပြီးသော အခါ ရလဒ်များကို သက်ဆိုင်ရာအရာရှိမှ တရားဝင်ကြေညာပေးသည်။ မဲပုံးများအားလုံးကို တစ်ခုမကျန် ရေတွက်ပေးရမည့် အချိန်နှင့် ရေတွက်မှုရလဒ်အပေါ်မူတည်၍ နောက်ဆုံးရလဒ်ကို ညသန်းခေါင်ယံမတိုင်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လိုအပ်ချက်အရ မဲရလဒ်များကို ပြန်လည်ရေတွက်ပေးရန် တောင်းဆိုနိုင်သည်။ ပြန်လည်ရေတွက်ပေးရသည့်အရာရှိသည် ကိုယ်စားလှယ်လောင်းများထံ လိုအပ်မည့်အကြံများကိုပေးမည်ဖြစ်ပြီး ရေတွက်သည့် ရလဒ်ကိန်းဂဏန်းများအပေါ် သက်ရောက်စေသည့်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရသည်။ ကိုယ်စားလှယ်လောင်းများနှင့် မဲရေတွက်သည့်တာဝန်ရှိသူများ နှစ်ဖက်စလုံးရလဒ်အား ကျေနပ်အားရသည်အထိ ပြန်လည်ရေတွက်ခြင်းကို ဆက်လက်လုပ်ဆောင်နိုင်သည်။

**ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ**

ဘီလီဇီနိုင်ငံ၏ ပထမဦးဆုံးပါတီစုံရွေးကောက်ပွဲမှာ ၁၉၅၄ ခုနှစ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၅၇၊ ၁၉၆၁၊ ၁၉၆၅၊ ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၉ ခုနှစ်များတွင်လည်း ဒီမိုကရေစီရွေးကောက်ပွဲများကို ထူးခြားချက်အနေဖြင့် ၃ နှစ်လျှင် ၁ ကြိမ်စီကျင်းပခဲ့သည်။ ၁၉၇၉ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းမှစ၍ ၅ နှစ်လျှင် တစ်ကြိမ်စီ ကျင်းပသည့်စနစ်အဖြစ် ပြောင်းလဲကျင့်သုံးခဲ့ကြကာ ၁၉၈၄၊ ၁၉၈၉၊ ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၃၊ ၂၀၀၈၊ ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ် များတွင်လည်း ပါတီစုံရွေးကောက်ပွဲများကို ထပ်မံကျင်းပခဲ့သဖြင့် ဘီလီဇီနိုင်ငံ၏ သမိုင်းတွင် ၁၉၅၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရွေးကောက်ပွဲ ၁၆ ကြိမ် ကျင်းပခဲ့သည်။ လာမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကိုလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထက်နောက်မကျဘဲ ကျင်းပသွားမည်ဖြစ်သည်။

**နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲ**

ဘီလီဇီနိုင်ငံ၏ အနီးစပ်ဆုံးကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါရွေးကောက်ပွဲသည် ၁၉၅၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာအရွယ်ရောက်ပြီးသူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ခွင့်မူဝါဒကို ကျင့်သုံးခဲ့သည့် ၁၆ ကြိမ်မြောက်ရွေးကောက်ပွဲကြီးဖြစ်ခဲ့ကာ ၁၉၈၁ ခုနှစ်နောက်ပိုင်း အင်္ဂလိပ်ကိုလက်အောက်မှ လွတ်လပ်ရေးရခဲ့ပြီးနောက်ကျင်းပခဲ့သည့် ၈ ကြိမ်မြောက် ရွေးကောက်ပွဲလည်းဖြစ်သည်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့ကတည်းက ကြေညာကာ ကြိုတင်ပြင်ဆင်ခဲ့ကြခြင်းလည်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲကြီးတွင် အောက်လွှတ်တော်ရှိ ကိုယ်စားလှယ်နေရာပေါင်း ၃၁ နေရာအနက် ပြည်သူ့ညီညွတ်ရေးပါတီ (People United Party-PUP)မှ ၂၆ နေရာအထိ စံချိန်တင်အနိုင်ရခဲ့ကာ နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးသူ ၅၉ ဒသမ ၆၀ ရာခိုင်နှုန်းအထိ ထောက်ခံအား ပေးမှုရရှိခဲ့ခြင်းဖြစ်ပြီး အတိုက်အခံလည်းဖြစ်ကာ ပြိုင်ဘက်လည်းဖြစ်သူညီညွတ်သောဒီမိုကရက်တစ်ပါတီ (United Democrative Party -UDP)မှာ နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးသူ ၃၈ ဒသမ ၈၄ ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အောက်လွှတ်တော်အမတ်နေရာ ၅ နေရာရရှိခဲ့သည်။




၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအသီးသီးအနိုင်ရရှိမှု




မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အထိ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

**နိဂုံး**

ဘီလီဇီနိုင်ငံ၏ရွေးကောက်ပွဲနှင့်နယ်နိမိတ် သတ်မှတ်ရေးကော်မရှင် (Election and Boundaries Commission -EBC) သည် မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များပြုစုခြင်း၊ ရွေးကောက်ပွဲမှတ်တမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲနှင့် နယ်နိမိတ်(မဲဆန္ဒနယ်များ) သတ်မှတ်ရေးဌာန (Election and Boundaries Department -EBD) ကို ၁၉၈၉ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး မဲဆန္ဒရှင်များဆိုင်ရာအချက်အလက်များ စနစ်တကျလွှဲပြောင်းနိုင်ရေး၊ ကျွမ်းကျင်သောရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှုများကို လုပ်ကိုင်နိုင်ရေး၊ ရွေးကောက်ပွဲစနစ်အပေါ် ပြည်သူလူထုမှ ယုံကြည်မှုခိုင်မာစေရေးနှင့် မဲဆန္ဒရှင်များအား အသိပညာပေးကာ ရွေးကောက်ပွဲတွင်ပါဝင်လာမှုအဆင့်များကို မြှင့်တင်ရေးတို့အတွက် ဦးစီးဌာန၏ လုပ်ငန်းဆောင်တာများကို အနီးကပ်ကြီးကြပ်စီမံကွပ်ကဲကာ ဘီလီဇီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပွင့်လင်းပြီး တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပပေးနိုင်ရန် အဓိကထားဆောင်ရွက်လျက်ရှိသည်။ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းနှင့်တိကျမှန်ကန်ပြီး စနစ်တကျဖြစ်စေရန်အတွက် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းအားဖြင့် နိုင်ငံ၏ဒီမိုကရေစီစနစ်ကို တိုးတက်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ထင်ရှားသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်နည်းစနစ်များမှာ လေ့လာမှတ်သားဖွယ်ရာများစွာရှိနေပါကြောင်း မှတ်တမ်းတစ်ခုအဖြစ် ရေးသားတင်ပြအပ်ပါသည်။ ။

**သောင်ရင်းအားမာန်**

# Private sector beefs up export of minerals within 10 months


Photo shows an aerial view of a mining site in operation.

**Yangon February 21**

The Department of Trade stated that the private sector raised export of minerals to foreign market within 10 months of the 2022-23 fiscal year.

Myanmar exports agricultural produce, animal products, marine products, minerals, forest products, finished industrial goods and other products.

In this regard, minerals are exported by both government and private sectors to the foreign market.

During more than 10 months period from 1 April 2022 to 3 February 2023, export of minerals earned US$289.821 million.

The government sector bagged US$20.697 million and private sector, US$269.124 million.

Myanmar sends gold, jade, gems, pearl, diamond, tin, tungsten, silver, copper, zinc, coal and other minerals to foreign countries. Particularly, Myanmar sells out tin, tungsten, antimony, copper and bronze to China.

During the period, the government sector pocketed US$36.760 million in export of minerals and private sector secured US$529.525 million, declining US$276.464 million less than that of last year. 336

# Laboratory tests to be conducted for 700 items of foodstuffs, personal goods in 2023-24 financial year

**Mandalay February 21**

A total of 700 items of personal goods and foodstuffs will be tested at laboratory for contributing to businesses of manageable scale businesspersons in Mandalay Regionin 2023-24 fiscal year, said director U Win Bo of Small Scale Industries Department.

Chemical test and micro-organism tests will be provided to businesspersons for their products manufactured in 2023-24 fiscal year in the region.

"The laboratory of the department will test the products whether they contain dangerous residues or not. Businesspersons engaging in production of foodstuffs need to register at the department for their products must submit sample products. If so, the laboratory experts will test their products. Then, remarks of the tests will be given to the businesspersons. Moreover, recommendation for the businesses will be issued," said the director.

The department conducts training and techniques to local businesspersons for emergence of manageable scale industries in the region. In 2023-24 financial year, the laboratory tests will contribute to the manageable scale industries.

Tests are being conducted for those industries in relevant fiscal years. It aims to show no content of dangerous chemicals in the foods and goods and produce quality foodstuffs and personal goods. 185


A lab test in progress.

# Groundnut sold at K8,500 per viss in Pathein

**Pathein February 21**

As monsoon groundnut is being harvested in Pathein of Ayeyawady Region, local farmers get good prices as K8,500 per viss in the domestic market, said U Kyaw Kyaw Htet, owner of pulses and bean trading brokerage in Pathein.

Last year, groundnut fetched K4,500 per viss in the monsoon groundnut harvesting season. This year's high prices help local farmers and farming workers have convenience in livelihoods.

"Currently, groundnut from local farms and other regions flow into Pathein bean market. As now is time for harvesting monsoon groundnut in Ayeyawady Region, inventory groundnut from last year are being traded in the domestic market. It is potential for getting high prices in the future before harvesting cold season groundnut. High prices of groundnut make local farmers and farming workers happy. In Pathein, some 500 acres of groundnut was ground. As for increasing number of sown acreage of groundnut, local people can consume genuine groundnut oil," said U Kyaw Kyaw Htet.

In Pathein Township, pure groundnut oil is sold at K15,000 per viss. Increasing per acre yield of groundnut will reduce import of palm oil and help operation of small scale oil mills in the region, he added.

Kyaw Kyaw Lin

# Ukraine war: Biden to frame conflict as battle for democracy

**Washington February 21**

US President Joe Biden is expected to lay out his view of the war in Ukraine as a battle for democracy during a speech later on Tuesday.

He will make his address in the Polish capital, Warsaw - a day after his surprise visit to Ukraine.

His speech comes hours after Russia's Vladimir Putin announced Moscow was suspending participation in a key arms control treaty with the US.

He made the announcement in his state of the nation address.

The leaders' competing speeches come days before the first anniversary of Russia's full-scale invasion of Ukraine.

In Warsaw, the US president is expected to stress the vital role the United States has played in galvanising Western backing for Ukraine against Russian aggression.

But he will also be looking to shore up support for his policy at home, where some politicians are expressing doubts about the scale of US involvement.

In his speech a stone's throw from the Kremlin, President Putin again blamed the West for Russia's invasion, complaining of Western hypocrisy and of withdrawing from "fundamental agreements".

"I want to repeat: it is they who are culpable for the war, and we are using force to stop it," he said to great applause.

Mr Putin also reiterated his unfounded claim that Moscow had been facing a neo-Nazi threat from Ukraine, which he used as justification to launch his "special military operation".

BBC

# Turkey earthquake: Deadly new tremor traps people under rubble

**Ankara February 21**

Rescuers are once again searching for people trapped under rubble in Turkey after another earthquake hit the country, killing at least six people.

A 6.4 magnitude tremor struck near the city of Antakya near the border with Syria, where massive quakes devastated both countries on 6 February.

The earlier quakes killed 44,000 people in Turkey and Syria with tens of thousands more left homeless.

Buildings weakened by those tremors collapsed in both countries on Monday.

Turkey's disaster and emergency agency says the 6.4 earthquake occurred at 20:04 local time (17:04 GMT) at a depth of 10km (6.2 miles).

This was followed by a 5.8 aftershock three minutes later and 31 subsequent aftershocks that were not as severe.

The health minister, Dr Fahrettin Koca, said 294 people have been injured - 18 of them seriously.

It's thought the death toll has been relatively low this time because the earthquake struck in an area that was largely empty after it was badly hit by the 6 February quake.

Reports from the city of Antakya spoke of fear and panic in the streets as ambulances and rescue crews tried to reach the worst affected areas where the walls of badly damaged buildings had collapsed.

BBC

# Govt. plans priority list to supply water for drinking and planting in coming summer


Locals seen fetching water from a pond.

**Nay Pyi Taw February 21**

Priority list will be given to Sagaing, Magway, Mandalay and Ayeyawady regions that may have water shortages in the coming summer, to provide water for drinking and planting during the low water period, according to reports from "Water Supply Working Committee during the low water period" released on February 13, 2023.

The Head of State ordered the implementation of short-term and long-term projects that will be able to provide water in areas that are short of water in the summer.

Therefore, the national level water resources committee formed the "Water Supply Working Committee" on January 31, 2023, in order to ensure the availability of agricultural water and drinking water in the dry areas of central Myanmar during the summer.

During the low water season in summer, by providing water supply activities, it will be possible to support the people-centered development activities that are being done for the prosperity of the country and food security. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Elephant foot yam factories in Mon State create employment opportunities for locals

**Mawlamyine February 21**

The employment opportunities in the state are favorable because elephant foot yam processing factories grind and distribute dry cassava powder as the dry cassava and powder market is expanding in Mon State, according to reports from Department of Consumer Affairs for Mon State released on February 13, 2023.

Since Mon State is an elephant foot yam production area, there are many elephant foot yam processing factories in the state.

These factories operate only from September to December, by grinding and drying elephant foot yam.

Now that the season has ended, the factories did not stop working, but instead bought, milled and distributed cassava grown in the area.

dAs for domestic sales, dry cassava are sold at the factory price of 800 kyats per viss and sold at 510,000 kyats per ton. For foreign exports, they are exported to Thailand at FOB prices of 7 baht per kilogram and 7000 baht per ton. 336


Elephant foot yams.

# Amount of trade from Tamu border trade station reaches US$13.937 m between Apr 1 and Jan 31 in 2022-2023 FY

**Tamu February 21**

The amount of trade with India from the Tamu border trade station in Sagaing Region was US$13.757 million between April 1 and January 31 in 2022-2023 FY, according to U Htet Aung Win, Deputy Director of the Trade Development Division of the Myanmar Trade Promotion Organization of the Ministry of Commerce.

"As for the Tamu Border Trade Station, in the current 2022-2023 FY, we are working to export about US$70 million worth of products and to import about US$5 million worth of products, totaling more than US$75 million in trade. Now we have reached more than US$13 million, so we have been able to reach 21.686 percent of the target," said U Htet Aung Win.

From the Tamu border trade station in Sagaing Region, the largest exports from Myanmar are betel nuts, coconuts and products of Nan Phalong in Tamu Township and cigarettes, and the imported goods are fertilizer and hair. ASH



Tamu border gate.

# Plan to conduct anti-money laundering and anti-financing to terrorism course

**Yangon February 21**

The Myanmar Gold Entrepreneurs Federation on 13 February stated that it will open the anti-money laundering and anti-financing to terrorism course, to be jointly organized by MGEF and experts.

The course will be conducted at the UMFCCI on Minye Kyawswa road in Lanmadaw Township of Yangon on 26 and 27 February 2023.

The course hours will be from 9.30 am to 4.30 pm. Lectures on provisions of the anti-money laundering law and the anti-financing to terrorism law will be given to trainees. Upon completion, certificates will be presented to trainees.

The businesspersons who have not attended the course yet may enlist for the course.

For further information, dial 09-5504457, 09-5522123, 09-5599123, 09793122171 and 09-775018891 of the federation.

Those opening the goldsmiths in Yangon Region need to show the gold licence at the township General Administration Department.

Current gold shops need to renew licence for the shops and gold licence at the relevant GAD.

There are more than 10,000 gold shops in Yangon Region and the GAD informed all about installation of CCTV and appoint security personnel. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် 2S34 Hosta နောက်ဆုံးမျိုးဆက် 120 mm မော်တာအမြောက်စနစ် ရုရှားအသုံးပြု



ရုရှားကြည်းတပ်သည် ၎င်းတို့၏ 2S34 (Hosta သို့မဟုတ် Chosta ဟု အမည်ဝှက်မှည့်ခေါ်ထားသည်)နောက်ဆုံးပေါ် မျိုးဆက်သစ် 120 mm Self-Propelled မော်တာအမြောက်စနစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက် ထုတ်ပြန်သည့်ဗီဒီယိုဖိုင်များအရ သိရသည်။

ရုရှားစစ်ဘက်၏ အမြောက်ပစ်ခတ်နိုင်မှုစွမ်းရည်များသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။ စစ်အေးခေတ်ကာလတွင်ပင် ထိုးစစ်ဆင်မှုအတွင်း ရုရှားနိုင်ငံ၏ နည်းဗျူဟာများတွင် ဟောင်ဝစ်ဇာအမြောက်စနစ်များ၊ တွဲဆွဲအမြောက်၊ မော်တာသေနတ်များနှင့် ဒုံးပစ်လောင်ချာများအပါအဝင် အကြီးစားအမြောက်ကြီးများ တပ်ဖြန့်အသုံးပြုမှုတို့ပါဝင်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က Kupyansk စစ်ဆင်ရေးဇရိယာရှိ ယူကရိန်းစစ်ဘက်မှ တပ်မနှစ်ခုစာ လူအင်အားကို ရုရှားအမြောက်တိုက်စွမ်းအားများဖြင့် ထိမှန်ဖျက်ဆီး၊ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။ အမြောက်တပ်များသည် ရုရှားတပ်ဖွဲ့များအတွက် အရေးပါသောတိုက်ခိုက်မှုတပ်ဖွဲ့အဖြစ် ဆက်လက်တည်ရှိနေပြီး တိုက်ခိုက်ရေးယူနစ်များနှင့် မဟာဗျူဟာမြောက်ရည်မှန်းချက်များကို တိုက်ပွဲဝင်တာဝန် ထမ်းဆောင်ရာတွင် အကြိမ်ပေါင်းများစွာအသုံးပြုနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

2S34 မျိုးဆက်သစ်နောက်ဆုံးထုတ် မော်တာအမြောက်စနစ်သည် ရုရှားကာကွယ်ရေးကုမ္ပဏီ Motovilicha Plants က ထုတ်လုပ်ထားပြီး 120 mm အမြောက်မော်တာအမျိုးအစားဖြစ်သည်။ ၎င်းကို ရုရှားအမြောက်တပ်များအသုံးပြုရန် ဒီဇိုင်းထုတ်ထားပြီး အခြေအနေအမျိုးမျိုးနှင့် မြေပြင်အနေအထားအမျိုးမျိုးတွင် တိုက်ပွဲဝင် တပ်ဖြန့်အသုံးပြုနိုင်သည်။

2S34 မော်တာအမြောက်စနစ်သည် ရုရှားထုတ် 2S1 Gvozdika 122mm Self-Propelled Howitzer အမြောက်အတွက် ပြုပြင်ထားသော MT-LB သံချပ်ကာကိုယ်ထည်ကို အခြေခံတည်ဆောက်ထားသည်။ အဆိုပါယာဉ်တွင် 120 mm မော်တာတပ်အမြောက်တစ်လက်နှင့် အလိုအလျောက်ကျည်ထိုး၊ ကျည်ထုတ်စနစ်အပြင် ဒစ်ဂျစ်တယ်ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်အသုံးပြုထားသည်။ 2S34 သည် တစ်မိနစ်လျှင် ၁၀ ကြိမ်ထိ ပစ်ခတ်နိုင်ပြီး အကွာအဝေး ၁၃ ကီလိုမီတာထိ ပစ်ခတ်နိုင်သည်။ အဆိုပါ အမြောက်စနစ်ကို တပ်ဖွဲ့ဝင်လေးဦးဖြင့် တာဝန်ထမ်းဆောင်နိုင်ပြီး တိုက်ပွဲဝင် ချိတက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၆၀ ထိ သွားလာစစ်ဆင်နိုင်သည်။

2S34 မော်တာအမြောက်စနစ်တွင် တပ်ဖွဲ့ဝင်များ လျင်မြန်စွာတိုက်ပွဲဝင်နိုင်စေရန် 120 mm အမြောက်ကျည်များကို အလိုအလျောက်ကျည်ထိုး၊ ကျည်ထုတ်စနစ်ပါရှိသည်။ စနစ်တွင် အမြောက်ကျည်အတောင့် ၄၀ ထိ တင်ဆောင်နိုင်သော ကျည်တင်စင်တစ်ခုယာဉ်နောက်တွင်တစ်ပါတည်းပါရှိလာသည်။

အလိုအလျောက် ကျည်ထိုးစနစ်သည် ကျည်ကတ်မှကျည်များကို မော်တာတည်ရှိရာနေရာသို့ လွှဲပြောင်းရန် တွန်းလှည်းခါးပတ်ကို အသုံးပြုထားသည်။ ထို့နောက် အမြောက်ကျည်များကို အမြောက်များသို့ Pneumatic လေ သို့မဟုတ် ဓာတ်ငွေ့စနစ်အသုံးပြု၍ အမြောက်ပြောင်းဝသို့ တွန်းပေးသောကိရိယာကို အသုံးပြု၍ မော်တာပြွန်ထဲသို့ ထည့်ပေးသည်။ ကျည်ကို အမြောက်ပြောင်းထဲသို့ သယ်ဆောင်သည့်လုပ်ငန်းစဉ်တစ်ခုလုံးပြီးနောက် တိကျမှန်ကန်စွာပစ်ခတ်နိုင်စေရန် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်ဖြင့် ထိန်းချုပ်တိုက်ပွဲဝင်ပစ်ခတ်ခြင်းဖြစ်သည်။

2S34 မော်တာအမြောက်စနစ်၏ အလိုအလျောက်ကျည်ထိုးသည့်စနစ်သည် တပ်ဖွဲ့ဝင်များကို ပစ်ခတ်မှုနှုန်းမြင့်မားစွာဖြင့် ပစ်မှတ်များကို လျင်မြန်စွာတိုက်ခိုက်စေနိုင်ကာ ထိရောက်သောအမြောက်လက်နက်စနစ်ဖြစ်စေသည့် အဓိကအင်္ဂါရပ်များထဲမှ တစ်ခုလည်းဖြစ်သည်။

**Russian army uses in Ukraine 2S34 Hosta latest generation of 120mm self-propelled mortar ကို ဘာသာပြန်ဆိုထားပါသည်။**

## မြောက်ကိုရီးယားနိုင်ငံက ICBM စမ်းသပ်ပြီးနောက် နှစ်ရက်အကြာတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ ထပ်မံပစ်လွှတ်

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်မကြီးကို ထိမှန်ရန် အလားအလာရှိသည့် တိုက်ချင်းပစ်ဒုံးကျည် (ICBM)ကို စမ်းသပ်ပြီး နှစ်ရက်အကြာတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်း အရှေ့ပင်လယ်ထဲသို့ ထပ်မံပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက နောက်ဆုံးပစ်လွှတ်လိုက်သည့် ဒုံးကျည်နှစ်စင်းသည် ၎င်း၏နည်းဗျူဟာမြောက် နျူကလီးယားတိုက်ခိုက်မှုမှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက အခိုင်အမာပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီမှ ၇ နာရီ ၁၁ မိနစ်ခန့်တွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို အရှေ့ပင်လယ်ထဲသို့ ထပ်မံပစ်လွှတ်ခဲ့ပြီး မြို့တော်၏မြောက်ဘက်ပြုဂန်ပြည်နယ်တောင်ပိုင်း Sukchon မြို့မှ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ဒုံးကျည်နှစ်စင်းသည် ကီလိုမီတာ ၃၉၀ နှင့် ၃၄၀ ခန့် အကွာအဝေးသို့ ပျံသန်းပြီးနောက် ပင်လယ်ထဲသို့ကျရောက်ခဲ့ပြီး Cheongju မြို့အလယ်ပိုင်းရှိ တောင်ကိုရီးယားလေတပ်အခြေစိုက်စခန်း၊ Osan နှင့် Gunsan တို့ရှိ အမေရိကန်လေတပ်စခန်းထိရောက်ရှိနိုင်သည့် အကွာအဝေးများလည်းဖြစ်သည်။

ဒုံးကျည်စမ်းသပ်မှုများသည် ယခုနှစ်အတွင်း မြောက်ကိုရီးယားအစိုးရ၏ တတိယမြောက်အကြိမ် ဖြစ်လာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်သို့ ရောက်ရှိနိုင်သည့် အကွာအဝေးကိုသက်သေပြခဲ့သည့် Hwasong-15 တိုက်ချင်းပစ်ဒုံးကျည်ကို မြောက်ကိုရီးယား၏ ဆူနန်နယ်မြေမှ အရှေ့ပင်လယ်သို့ ဦးတည်ပစ်လွှတ်ပြီး နှစ်ရက်အကြာတွင်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်က ပစ်ခတ်မှုအပြီး တစ်နာရီခန့်အကြာတွင် မြောက်ကိုရီးယားသည် ရှားရှားပါးပါး အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ကာ အစိုးရပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက မြောက်ကိုရီးယားနိုင်ငံအမြောက်တပ်ဖွဲ့သည် မီလီမီတာ ၆၀၀ ဒုံးပစ်လောင်ချာမှ အမြောက်နှစ်စင်း စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒုံးပစ်လောင်ချာကို နည်းဗျူဟာမြောက်နျူကလီးယားတိုက်ခိုက်မှုဟု ခေါ်ဆိုသော်လည်း အဆိုပါစနစ်ဖြင့် အမြောက်ကျည်လေးတောင့်သုံး၍ ပစ်ခတ်တိုက်ခိုက်ပါက ရန်သူ့လေယာဉ်ကွင်းတစ်ခုကို တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း နိုင်ငံပိုင်မီဒီယာက အခိုင်အမာ ပြောကြားခဲ့သည်။

မဟာမိတ်များ၏လေကြောင်းလေ့ကျင့်မှုအပြီးတွင် အနည်းဆုံးအမေရိကန် B-1B ဗုံးကြဲလေယာဉ်တစ်စင်းနှင့် တောင်ကိုရီးယား F-35A ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်များပါဝင်သည့် ၎င်းတို့၏နောက်ဆုံးစစ်ရေးလေ့ကျင့်မှုအပေါ် တုံ့ပြန်ခြင်းဖြစ်ကာ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ကို မြောက်ကိုရီးယားက ပြစ်တင်ရှုတ်ချခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ဩဇာကြီးသော အစ်မဖြစ်သူ Kim Yo-Jong သည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်ကြောင်း သုံးသပ်ဆုံးဖြတ်ပါက အမေရိကန်၏မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများ ဖြန့်ကြက်ခြင်းကို ဆန့်ကျင်လုပ်ဆောင်သွားမည်ဟု ဖေဖော်ဝါရီ ၂၀ ရက်တွင် တုံ့ပြန်ခြိမ်းခြောက်ခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုအကြိမ်ရေသည် အမေရိကန်၏ လုပ်ဆောင်မှုအပေါ်တွင် မူတည်သည်ဟု Kim Yo-Jong က ထပ်လောင်းပြောကြားခဲ့သည်။

**N. Korea Fires Short-Range Ballistic Missiles 2 Days after Testing ICBM ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် စားပိုဆောင်သီးနှံ ၂၇၁၇ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၂၇၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၂၇၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားပိုဆောင်သီးနှံ ၂၇၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ၂၇၁၇ ဧက စိုက်ပျိုးပြီးစီးနေပြီ။ ရွှေဘိုမြို့နယ် စားပိုဆောင်သီးနှံ စိုက်ပျိုးမှုကတော့ ပုံမှန်ပါပဲ။ စားပိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် စားပိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကြက်သွန်နီ ၂၅၇၆ ဧက၊ ကြက်သွန်ဖြူ ၂၇ ဧက၊ ငရုတ် ၁၁၄ ဧက စုစုပေါင်း ၂၇၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စားပိုဆောင်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန် စိုက်ပျိုးနည်းစနစ်များ၊ GAP စိုက်နည်းစနစ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မံစီမြို့နယ် မံသဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မံစီ ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မံစီမြို့နယ် မံသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးနှင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မံသဲကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လမ်းကိုရေရှည်အသုံးပြုနိုင်စေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမော်ခရိုင် မံစီမြို့နယ် မံသဲကျေးရွာတွင် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂ ဒသမ ၄သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၄၉၃ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်မည်ဖြစ်ရာ ဒေသခံများ၏လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဟိုပုန်းမြို့နယ် ဟိုနားကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဟိုပုန်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် စငေါ်ကျေးရွာအုပ်စု ဟိုနားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဟိုနားကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဟိုနားကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၁၆ ပေ၊အမြင့် ၁၂ ပေရှိ ဆရာမဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၈ သန်းအသုံးပြု၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၁-၂-၂၀၂၃**


| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၁၀၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆေးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများအမှူးပြုသော ပညာရေးနှင့် ပြည်ပရေးရာအဖွဲ့ ဆရာတော်ကြီးများသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်တော်မူကြသည်။



ဦးစွာ တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ကြိုဆိုနှုတ်ခွန်းဆက်စကားလျှောက်ထားပြီး ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိန်မော်က တက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသော သင်ကြားရေးရာကိစ္စရပ်များ၊ သင်တန်းသားများ၏ နေထိုင်စားသောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ powerpoint ဖြင့် ရှင်းလင်းလျှောက်ထားက ဆရာတော်ကြီးများအား သင်္ကန်း၊ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများအမှူးပြုသော ပညာရေးနှင့် ပြည်ပရေးရာအဖွဲ့ ဆရာတော်ကြီးများက တက္ကသိုလ်အတွင်းကြွရောက်၍ ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၊ တက္ကသိုလ်စာကြည့်တိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ လှူဒါန်းသောမြေနေရာနှင့် ပြင်ဆင်လျက်ရှိသော ပြည်ပသင်တန်းသူအိပ်ဆောင်များ၊ တက္ကသိုလ် ပင်မဆွမ်းစားဆောင်ကြီး၊ စာသင်ဆောင်များနှင့် စာသင်ခန်းမများအတွင်း သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သမိုင်းဝင် သစ္စာအဓိဋ္ဌာန်ရွှေစာရံမြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတု ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဖေဖော်ဝါရီ ၂၁**

အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရွှေစာရံမြတ်စွာဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော်လည်း ဖြိုးခဲ့သည့် နှစ်နှစ်တာကာလတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များရှိ၍ မကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်သည် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓပူဇနိယပွဲတော်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာမပျက် တပေါင်းလပြည့်နေ့ မတ် ၅ ရက်မှ လပြည့်ကျော် ၈ ရက် မတ် ၁၃ ရက်ထိ ကျင်းပပြီး မတ် ၁၄ ရက်တွင် သံဃာတော်များအား စာရေးတံမဲ လောင်းလှူသွားမည် ဖြစ်ပါကြောင်း၊ ဘုရားဖူးလာပြည်သူများ၊ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စေရေး၊ သန့်ရှင်းသည့်သောက်ရေများ လုံလောက်စွာထားရှိရေး၊ သန့်စင်ခန်းများ လုံလောက်မှုရှိရေး၊ လမ်းများပိတ်ဆို့မှု မရှိစေရန် ဈေးသည်များကို သတ်မှတ်စည်းကမ်းနှင့်အညီ လိုက်နာရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ရေချိုးဆိပ်တွင် ရေဆင်းချိုးသူများ ဘေးအန္တရာယ်မရှိရေး၊ ကျန်းမာရေးအတွက် အစားအသောက်များ လုံခြုံစိတ်ချမှုရှိရေး၊ ဘုရားပရိဝုဏ်အတွင်း၊ အပြင် အမှိုက်များကင်းရှင်းရေးအတွက် စနစ်တကျစွန့်ပစ်ရေးတို့ကို စီမံဖြည့်ဆည်း ကြိုးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပွဲတော်ကာလအတွင်း ဖျော်ဖြေရေးပွဲများ၊ ရှမ်းရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ရှမ်းအိုးစည်ဝိုင်းဖြင့် အကများ၊ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံသွားလိုပါကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိစေရေးနှင့် အောင်မြင်စွာ ကျင်းပသွားရေးတို့ကို အားလုံးဝိုင်းဝန်း ပူးပေါင်းကာ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပွဲတော်အတွက် စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ပိုင်းတွင် အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်း စုစုပေါင်း ၂၂ စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုကြသည်။

ဒုတိယနေ့ နံနက်ပိုင်းသဘာပတိများအဖြစ် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်း၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာစန်းစန်းဌေးတို့က ဆောင်ရွက်ခဲ့ကြပြီး ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့် စာတမ်းရှင်များ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာပြည်အတွက် အရေးပါသော ကျန်းမာရေးပြဿနာဖြစ်သည့် တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါဆိုင်ရာ သိကောင်းစရာများကို "မော်လီကျူးနည်းပညာ၏ လက်တွေ့ဆေးပညာရပ်တွင် အရေးပါမှု "တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီတို့တွင် အဓိကထားဆွေးနွေးခြင်း (Myanmar-Korea Joint Symposium (2023): Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B)" ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲပြုလုပ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ ပါမောက္ခ Jae Hun Cheong တို့က ဆောင်ရွက်ခဲ့ကြပြီး ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center မှ Chairman of the Board, Dr. Sun Dae Song က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre မှ Section Head Dr. Jeong Seok Lee က ပိုင်ရာဇီနမိုက် တီဘီဆေးယဉ်ပါးခြင်းကို ထောက်လှမ်းရှာဖွေခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားမှိုင်ခြမ်းပြ တီဘီဓာတ်ခွဲဌာနမှ အထူးကုဆရာဝန်ကြီး (အဏုဇီဝဗေဒ) ဒေါက်တာဝင့်ဝင့်ညွန့်က ဆေးယဉ်ပါးတီဘီကုသမှုတွင် ဓာတ်ခွဲခန်း၏ အခန်းကဏ္ဍနှင့် လက်ရှိ ဆေးယဉ်ပါးတီဘီရောဂါရှာဖွေခြင်း အဆင့်ဆင့်ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ Prof. Jae Hun Cheong က အသည်းရောင်အသားဝါဘီပိုး၏ မျိုးဗီဇပြောင်းလဲမှုနှင့် အသည်းကင်ဆာဖြစ်ပွားခြင်းတို့ မော်လီကျူးဗေဒဆိုင်ရာဆက်စပ်မှုတို့ကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝါဝါအောင်က မျိုးဗီဇစီစစ်ခြင်း၏ ဆေးလက်တွေ့နယ်ပယ်တွင် အသုံးဝင်မှု၊ လက်ရှိတွေ့ရှိချက်များနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်တို့ကိုလည်းကောင်း ဆွေးနွေးတင်ပြ အသိပညာဖလှယ်ခဲ့ကြပြီး တက်ရောက်လာကြသော တီဘီရောဂါနှင့် အသည်းရောင် အသားဝါရောဂါဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် သုတေသီပညာရှင်များက ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါညီလာခံကို ဖေဖော်ဝါရီ ၂၄ ရက်ထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေကဝတီဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် သင်ကြား၊ စီမံဆရာများ၏ သုတေသနစာတမ်းဖတ်ပွဲ အောင်ပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဆေကဝတီဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် သင်ကြား၊ စီမံဆရာများ၏ သုတေသန စာတမ်းဖတ်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဆေကဝတီဗုဒ္ဓတက္ကသိုလ် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိသီလရှင်စာသင်တိုက်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရအမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ထံမှ သာရဏီယဩဝါဒကထာ နာယူကြသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်(ငြိမ်း) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော် ဒေါက်တာဘဒ္ဒန္တအာဒိစ္စသံဝံသက သုတေသနစာတမ်းများနှင့်စပ်လျဉ်း၍ သုံးသပ်မိန့်ကြားသည်။



ဆေကဝတီဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် သင်ကြား၊ စီမံဆရာများ၏ သုတေသနစာတမ်းဖတ်ပွဲအောင်ပွဲတွင် အကောင်းဆုံးစာတမ်းရှင်ဆုရဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ဆုချီးမြှင့်ဆက်ကပ်စဉ်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အကောင်းဆုံးသုတေသန စာတမ်းရှင်ဆုများကို ချီးမြှင့်ဆက်ကပ်၍ သုတေသနစာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်ပြီး သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ဆေကဝတီဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဒေါ်ဆေကဝတီက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဂွမြို့ မြို့မရပ်ကွက်ရှိ မင်းတောင်သာသနာ့မြေ တောင်တက်ကွန်ကရစ်လမ်းသစ်နှင့် မင်းတောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး မုခ်ဦးဖွင့်ပွဲပြုလုပ်



ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းတောင်သာသနာ့မြေ တောင်တက် ကွန်ကရစ်လမ်းသစ်နှင့် မင်းတောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ် ဂွမြို့ မြို့မရပ်ကွက်ရှိ မင်းတောင်သာသနာ့မြေ တောင်တက် ကွန်ကရစ်လမ်းသစ်နှင့် မင်းတောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး မုခ်ဦးဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင်ပြုလုပ်ရာ မန္တလေးမြို့ မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တအာဝုဓအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မင်းတောင်သာသနာ့မြေ ကွန်ကရစ်လမ်းသစ်နှင့် မင်းတောင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး မင်းတောင်သာသနာ့မြေ တောင်တက် ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် အလှူရှင်များဖြစ်ကြသည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသာရင်မြတ်နှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နွယ်နွယ်အေးမိသားစုတို့က ဂွမြို့ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# ဝိုင်းမော်မြို့နယ်အတွင်းရှိ "ကန်ပိုက်တီ" မြို့ကို "ကံပိုင်တည်" မြို့အဖြစ် အမည်ပြောင်းလဲပြင်ဆင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ **"ကန်ပိုက်တီ"** မြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၃)ဖြင့် **"ကံပိုင်တည်"** မြို့အဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ကန်ပိုက်တီမြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ဘာသာစကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် **"ကန်းပိုင်တီ"**၊ **"ကန်း=ဖြောက်သွေ့ခြင်း၊ ပိုင်=ပျက်စီးခြင်း၊ တီ=နေရာ"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ **"ကံ=ကံကောင်းခြင်း၊ ပိုင်=ပြည့်ထောင်ရကပိုင်ဆိုင်ခြင်း၊ တည်=တည်ငြိမ်ခြင်း၊ တည်တံ့ခြင်း၊ တည်ရှိခြင်း"** ဟူသော ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသည့် **"ကံပိုင်တည်"**ဟူသော အမည်ကို မြန်မာနိုင်ငံတစ်ဝန်း တစ်ပြေးညီသုံးစွဲနိုင်စေရန် မြို့နေပြည်သူလူထုများ၊ မြို့မိမြို့ဖများ၏ သဘောထားများဖြင့် ကချင်အထူးဒေသ (၁) ထာဝရငြိမ်းချမ်းရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းက ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ သဘောထားထောက်ခံချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့မှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ကာ ယခုကဲ့သို့ အမည်ပြောင်းလဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

**"ကံပိုင်တည်"**မြို့သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း တည်ရှိသောကြောင့် မကြာမီကာလတွင် ပြည်ထောင်စု၏ ဖွံ့ဖြိုးတိုးတက်သော နယ်စပ်မြို့တစ်မြို့အဖြစ် မြင်တွေ့ကြရတော့မည်ဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ **"ကန်ပိုက်တီ"** မြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ရပ်ကွက် သုံးရပ်ကွက်ဖြင့် ဖွဲ့စည်းခဲ့ပြီး မြို့တစ်မြို့၊ ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၃၀ တို့ဖြင့် **ကန်ပိုက်တီမြို့နယ်ခွဲ**အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီဖြစ်စေရန် မြို့နယ်ခွဲ စကားရပ်အားပယ်ဖျက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် မေ ၂၂ ရက်တွင် "မြို့"အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် **"ကန်ပိုက်တီမြို့"** အဖြစ် တည်ရှိလာခဲ့သည်။

ကန်ပိုက်တီမြို့သည် ယခင်က ဝိုင်းမော်မြို့နယ် ဝေါ့ချုံးကျေးရွာအုပ်စုအတွင်း ပါဝင်သော ကျေးရွာငယ်တစ်ခုဖြစ်ခဲ့ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၆၅၃၄ ပေတွင်တည်ရှိကာ မြို့ဧရိယာမှာ ၂၀၈ ဒသမ ၅၉ စတုရန်းမိုင် ကျယ်ဝန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မော်လမြိုင်တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အနုပညာအသင်းက ကြီးမှူးကျင်းပသော လှယဉ်ကျေးမယ်နှင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မော်လမြိုင်တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အနုပညာအသင်းက ကြီးမှူးကျင်းပသော လှယဉ်ကျေးမယ်နှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ အနုပညာအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြိုင်ပွဲအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ရာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။




မော်လမြိုင်တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အနုပညာအသင်းက ကြီးမှူးကျင်းပသော လှယဉ်ကျေးမယ်နှင့် တိုင်းရင်းသားရိုးရာ ပြိုင်ပွဲတွင် တာဝန်ရှိသူတစ်ဦးက ဆုရရှိသူတစ်ဦးကို ဆုချီးမြှင့်စဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လင်းခေးတပ်နယ်နှင့် မိုင်းပန်တပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းများ၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးတပ်နယ် နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဖေဖော်ဝါရီ ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၀၁၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၀၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၇၀ ဦး |

# မိုင်းပန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုတွေ့ဆုံ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၃၁၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၄၉၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ဇယား(၁)

## KBZPay ဖြင့် လိမ်လည်ရန် ပစ်မှတ်ရှာဖွေခြင်း

**လိမ်လည်မည့်သူ**

**Facebook Account / Pages အတုများ**

- KBZPay Level အဆင့် မြှင့်ပေးမည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း Facebook Account / Pages အတုများဖြင့် Post တင်၍ ဆွဲဆောင်ခြင်း။

**ဖုန်းနံပါတ်များ**

- KBZPay ၏ ငွေလွှဲလုပ်ဆောင်မည့် ဝန်ဆောင်မှုတွင် ဖုန်းနံပါတ်များ ရိုက်ထည့် စစ်ဆေးကြည့်ပြီး KBZPay ဖွင့်ထားကြောင်း တွေ့ရှိပါက KBZPay Level မြှင့်ပေးသည့် ဝန်ထမ်း ဟန်ဆောင်၍ ဖုန်းဖြင့် ဆက်သွယ်ခြင်း။

**E-mail အတုများ**

- အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိ/ အတတ်ပညာရှင်များ တင်ထားလေ့ရှိသော Links များမှ E-mail လိပ်စာများ ရှာဖွေပြီး KBZPay Level မြှင့်တင်သည့် ဌာနမှ ဝန်ထမ်းဟန်ဆောင်၍ KBZ Bank E-mail Account အတုများဖြင့် ဆက်သွယ်ခြင်း။




Account/ Pages အတု နမူနာပုံ




Messenger Box တွင် စာပြန်သည့် နမူနာပုံစံ





KBZPay App တွင် ဖုန်းနံပါတ် ရိုက်ထည့်လျှင် အကောင့် မဖွင့်ထားပါက ပေါ်လာမည့်နမူနာပုံ



KBZPay App တွင် ဖုန်းနံပါတ် ရိုက်ထည့်လျှင်အကောင့် ဖွင့်ထားပါက ပေါ်လာမည့်နမူနာပုံ




E-mail လိပ်စာများ Online မှ ရှာဖွေပုံ နမူနာပုံစံ



KBZ ဘဏ် E-mail အတုများမှ ပြန်လည်ပေးပို့သော နမူနာပုံ

ဇယား(၂)

## ပစ်မှတ်ထံမှ OTP (One Time Password) ရအောင် တောင်းယူ၍ ငွေရယူမှုအဆင့်ဆင့်

**လိမ်လည်ရယူမည့်သူ**

ပစ်မှတ်နှင့် အဆက်အသွယ်ရရှိသည့်အခါ KBZPay Level မြှင့်ပေးမည်ဟု ပြော၍ ပစ်မှတ်ဖုန်းနံပါတ်အား KBZPay App တွင် Login ဝင်၍ အသင့်စောင့်ဆိုင်းနေပြီး ပစ်မှတ်၏ ဖုန်းထံ ရောက်ရှိလာမည့် OTP (One Time Password) နံပါတ်ကို ပြောကြားပေးရန် တောင်းဆိုမှုပြုလုပ်။

ပစ်မှတ်၏ KBZPay App ဖွင့်ထားသည့် ဖုန်းနံပါတ်သို့ KBZ Bank မှ OTP နံပါတ်ပါ Message ပေးပို့ခဲ့ပြီး ပစ်မှတ်မှ ၎င်း OTP နံပါတ်အား လိမ်လည်သူထံသို့ တစ်ဆင့်ပြန်လည် ပြောကြားပေးပို့ခဲ့။

ပစ်မှတ်ထံမှ OTP ရရှိသည်နှင့် KBZPay App တွင် Login ဝင်၍ ပစ်မှတ်၏ KBZPay အကောင့်အား ထိန်းချုပ်ပြီး ပစ်မှတ်၏ အခြားဘဏ်အကောင့် နံပါတ်များနှင့် မှတ်ပုံတင်နံပါတ်များ ထပ်မံတောင်းယူ၍ ချိတ်ဆက်ခြင်း (သို့) ATM စက်တွင် ငွေသား ထုတ်ယူခြင်း (သို့) လိမ်လည်သူ၏ အခြား Bank ACC ထဲသို့ လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့။ (၎င်းသို့ ဆောင်ရွက် နေစဉ် ငွေထုတ်သွင်းမှတ်တမ်းများ ပစ်မှတ် မရိပ်မိစေရန် Level မြှင့်တင်နေစဉ် ၁၂/၂၄ နာရီ ကာလအတွင်း KBZPay App အသုံးမပြုရန် လိမ်လည်ပြောကြားခဲ့)




KBZPay တွင် ပစ်မှတ်၏ ဖုန်းနံပါတ် ရိုက်ထည့်၍ Log In စတင်ဝင်ရောက်သည့် နမူနာပုံ




Log In ဝင်လိုက်ပါက OTP တောင်းခံသည့် နမူနာပုံ



KBZ Bank မှ KBZPay အကောင့် ဖွင့်ထားသည့် ဖုန်းနံပါတ်သို့ OTP ပေးပို့သည့် နမူနာပုံ

☆ **ကျောဖုံးမှအဆက်**

ဇယား(၂)ပါ နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူ၏ Bank Account နှင့် KBZ Pay Account တို့အတွင်းမှ ငွေများအား အဆင့်ဆင့် လွှဲပြောင်းထုတ်ယူကြခြင်း ဖြစ်သည်။

ဇယားများပါ လိမ်လည်မှုကျူးလွန်ပုံနည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှုလွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများ လိမ်လည်လွှဲပြောင်း ထုတ်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းဖြစ်ကြောင်းနှင့် လိမ်လည်မည့်သူများသည် KBZ Pay Account များကို မသိနားမလည်သူ အချို့ထံမှ ငွေကြေးအနည်းငယ်အသုံးပြု၍ ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေများလွှဲပြောင်းထုတ်ယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မိမိတို့၏ Bank Account များအတွင်းမှ ငွေကြေးများကို မသမာသူ ဒုစရိုက်သမားများ၏ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လိမ်လည်လွှဲပြောင်း ထုတ်ယူမှုမခံရစေရေး မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို လုံခြုံမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာလိုအပ်ချက်မှတပါး Bank Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်းမပြုလုပ်ကြရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

# သထုံမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ် တစ်စီးကို မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်၌ အကြမ်းဖက်သမားများက ခရီးသွား မော်တော်ယာဉ်တစ်စီးကို မိုင်းဆွဲ တိုက်ခိုက်၍ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် ကမာစိုင် ကျေးရွာ(ရွာသစ်)အနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင် အမှတ် ၁၃၃ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ပေါက်ကွဲမှုဖြစ်ပွား ခဲ့ကြောင်းသတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဦးနိုင်မင်းထွန်း (ခ)ဝက်ကလေး ၃၄ နှစ်သည် Toyota Hilux အဖြူရောင် ယာဉ်ဖြင့် အဆိုပါလမ်းအတိုင်း ဟင်းသီးဟင်းရွက်များ တင်ဆောင် မောင်းနှင်လာစဉ် အချင်းဖြစ် နေရာအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲ တိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှု



သထုံမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် ခရီးသွားမော်တော်ယာဉ် တစ်စီးကို တွေ့ရစဉ်။

ကြောင့် မော်တော်ယာဉ်၏ ယာဘက်ခြမ်းနှင့် ရှေ့လေကာမှန်တို့ မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ဦးနိုင်မင်း ထွန်း(ခ)ဝက်ကလေးတွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိကာ အချင်း ဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ခရီးသွားမော်တော် ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်၍ အပြစ်မဲ့ပြည်သူတစ်ဦးအား သေဆုံး စေခဲ့သူ အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက် လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်တရားခံများကို ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ၂၂-၂-၂၀၂၂ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရာတော် မြို့နယ်၌ဖြစ်ပွားခဲ့သော ကျောင်းကြိုပို့ယာဉ် မိုင်းခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်တွေရဲ့ အနာဂတ်ကိုရိုက်ချိုးနေသည့် အနာဂတ်မဲ့ အကြမ်းဖက်သမားလူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) "ကျီးရိုး" ရိုးချောင်းတံတားအမှတ် (၁/၁၀၅)ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း) "ကျီးရိုး" ရိုးချောင်း တံတားအမှတ်(၁/၁၀၅) ကို PDF အမည်ခံ အကြမ်းဖက်သမား များက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက် တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း (လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၀၄ မိုင်နှင့် ၁၀၄ မိုင် ၁ ဖာလုံ ကြားရှိ "ကျီးရိုး" ရိုးချောင်း တံတားအမှတ် (၁/၁၀၅)ကို PDF အမည်ခံ အကြမ်းဖက်သမား များက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲ တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း (လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၀၄ မိုင်နှင့် ၁၀၄ မိုင် ၁ ဖာလုံ ကြားရှိ "ကျီးရိုး" ရိုးချောင်း တံတား အမှတ်(၁/၁၀၅)ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်း ထောင်ဖောက်ခွဲ ဖျက်ဆီးသွားခဲ့ ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အကြမ်းသမားများ၏ မိုင်းထောင်ဖောက်ခွဲ ခဲ့မှုကြောင့် အလျား ၃၅ ပေ၊ အနံပေ ၆၀၊ အမြင့် ၁၀ ပေ၊ ယာဉ်သွားကတ္တရာ လမ်းအကျယ် ၄၈ ပေ ခန့်ရှိ သံကူကွန်ကရစ်တံတား၏ ဝဲယာ ဘက်ရှိ လက်ရန်းနှစ်ခုမှစ၍ တံတားကြမ်းခင်းရှိ အနံ ငါးပေခန့် စီမှာ တံတားအလျားအတိုင်း ကွဲအက်ပြိုကျ ပျက်စီးခဲ့ပြီး တံတားထိပ်နှစ်ဖက်ရှိ ချဉ်းကပ် လမ်းအစပ် တစ်လျှောက် တစ်လက်မခန့် ကွာဟခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားကို တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင် ရွက်လျက်ရှိပြီး အကြမ်းဖက်မှု ကျူးလွန်သူများကို ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူ နိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

❖ ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်မှ နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိ ခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံး ခဲ့သည်။

ထို့နောက် ပွဲချိန်ဒုတိယပိုင်းပြန် လည်စတင်ချိန်တွင် ရှမ်းယူနိုက် တက်အသင်းက ပထမပိုင်းကထက် ပိုမို ဖိအားပေးလာခဲ့သည့်အတွက် ပွဲချိန် ၆၂ မိနစ်တွင် လင်းထက်စိုး က ရှမ်းယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ သည်။ ဦးဆောင်ဂိုးပေးခဲ့ရပြီး နောက် ISPE အသင်းက ပြန်လည် ဖိအားပေး ကစားခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း ခံစစ်ပိုင်း ကို ကျော်ဖြတ်ရန် ခက်ခဲခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ရဲရင့်အောင်က ရှမ်းယူနိုက်တက် အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ ပြီးဖြစ်သော်လည်း နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာနေ ဇော်ထွေးအောင်(ခ) ပေါပေါသည် ၎င်းအသုံးပြုသည့် "Paw Paw" Facebook အကောင့်နှင့် ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ သက်ဝေဖြိုးသည် ၎င်းအသုံးပြုသည့် "Thet Wai" Facebook အကောင့်တို့ သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ် ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေး ယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွား မည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# အီတလီနိုင်ငံတွင် မိုးခေါင်ရေရှားနိုင်သဖြင့် တောင်သူများစိုက်ပျိုးရေးလုပ်ငန်း အခက်အခဲတွေ့မည်ကိုစိုးရိမ်



**ရောမ ဖေဖော်ဝါရီ ၂၁**

အီတလီနိုင်ငံတွင် လာမည့်လများအတွင်း မိုးခေါင်ရေရှားနိုင်သဖြင့် တောင်သူများစိုက်ပျိုးရေးလုပ်ငန်း အခက်အခဲတွေ့မည်ကို စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဲလ်ပတ်တောင်တန်းပေါ်တွင်လည်း နှင်းကျဆင်းမှုသည် ယခုနှစ်တွင် ယခင်နှစ်များအောက် ထက်ဝက်ခန့် လျော့နည်းခဲ့သဖြင့် စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း အီတလီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏အဆိုအရသိရသည်ဟု VOA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အီတလီနိုင်ငံ မြောက်ပိုင်းရှိ မြစ်များနှင့်ရေကန်များ ရေပြတ်လပ်မှု ဆိုးရွားစွာကြုံတွေ့နေရကြောင်း၊ အဲလ်ပတ်တောင်တန်းမှ မြစ်ဖျားခံ၍ Adriatic ပင်လယ်အတွင်းသို့ စီးဆင်းလျက်ရှိသော ပိုးမြစ်သည်လည်း ယခုနှစ်တွင် ရေပမာဏ ၆၁ ရာခိုင်နှုန်းလျော့နည်းလျက်ရှိကြောင်း အီတလီနိုင်ငံ Legambiente သဘာဝပတ်ဝန်းကျင်အဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပိုးမြစ်သည် အီတလီနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုများအနက် သုံးပုံတစ်ပုံခန့်ကို နှစ်စဉ်ရေပေးဝေလျက်ရှိပြီး နှစ် ၇၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

အီတလီနိုင်ငံတွင် ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းရာသီမှစ၍ ရေလိုအပ်ချက် စတင်မြင့်မားလာခဲ့ပြီး ယခုနှစ်တွင်လည်း အီတလီနိုင်ငံ အနောက်မြောက်ပိုင်းဒေသများ၌ စိုက်ပျိုးရေလုံလောက်စွာရရှိရန် ရက်ပေါင်း ၅၀ အတွင်း မိုးရေချိန် မီလီမီတာ ၅၀၀ ရွာသွန်းရန်လိုအပ်လျက်ရှိကြောင်း အီတလီသိပ္ပံသုတေသနအင်စတီကျုမှ ရာသီဥတုကျွမ်းကျင်သူ Massimiliano Pasqui က ပြောကြားခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံ မြောက်ပိုင်းရှိ Grada ရေကန်၏ ရေမျက်နှာပြင်သည်လည်း စံချိန်တင်နိမ့်ကျလျက်ရှိပြီ ဗင်းနစ်မြို့တွင်းရှိ အချို့ချောင်းများမှာ ရေမရှိသလောက် အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

AZH

# ဆာပေါ်လိုကမ်းခြေဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျသဖြင့် လူ ၂၄ ဦးသေဆုံး

**ဘရာဇီးလ်ယား ဖေဖော်ဝါရီ ၂၁**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုကမ်းခြေဒေသတွင် ဖေဖော်ဝါရီ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုဖြစ်ပေါ်သဖြင့် ဒေသခံ ၂၄ ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ITV သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုကြောင့် လူနေအိမ်ခြေတချို့အပြင် အခြေခံအဆောက်အအုံတချို့လည်း ပျက်စီးခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၅၆၆ ဦး ထက်မနည်းရှိခဲ့ကြောင်း၊ မိုးရေချိန်သည် မီလီမီတာ ၆၀၀ ထိ မြင့်တက်ခဲ့သည့်အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုသည် ဆာပေါ်လိုကမ်းခြေတွင် ဆက်လက်ရွာသွန်းမည်ဖြစ်ပြီး ရေကြီးရေလျှံမှုအခြေအနေပိုမိုဆိုးရွားလာဖွယ်ရှိနေကြောင်း ဘရာဇီး မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



"ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ဒေသတွေကို သွားရောက်စစ်ဆေးဖို့ရှိပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၄ ဦး ထိရှိခဲ့တယ်လို့လဲသိရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးသွားပါမယ်" ဟု သမ္မတလူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့်မြို့ ခြောက်မြို့ထိရှိနေပြီး အဆိုပါမြို့များကို ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် ရက်ပေါင်း ၁၈၀ ထိ သတ်မှတ်လိုက်ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# မောရစ်သျှနိုင်ငံတွင် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်တချို့ ယာယီဆိုင်းငံ့

**ပို့လူးဝစ် ဖေဖော်ဝါရီ ၂၁**

မောရစ်သျှနိုင်ငံတွင် ဖေဖော်ဝါရီ ၂၀ ရက်က အားကောင်းသည့် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ခဲ့ရသလို ထွက်ခွာခဲ့သော လေကြောင်းလိုင်းတချို့လည်း အရေးပေါ်ကွင်းအတွင်း ပြန်လည်ဆင်းသက်ခဲ့ရကြောင်း မောရစ်သျှအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မောရစ်သျှနိုင်ငံတွင် တိုက်ခတ်ခဲ့သော ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းသည် အဆင့် ၃ ရှိပြီး တစ်နာရီ ကီလိုမီတာ ၁၂၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယသမုဒ္ဒရာဇရိယာနှင့်ထိစပ်နေသော ကျွန်းနိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မာဒါဂါစကားနိုင်ငံ၊ မိုဇမ်ဘီနိုင်ငံတို့တွင်လည်း တိုက်ခတ်ခဲ့ကြောင်း၊ သို့သော် မောရစ်သျှနိုင်ငံသို့ ဝင်ရောက်ခဲ့ရာ ပြင်းအားအများဆုံးဖြစ်ပြီး နေအိမ်တချို့အပြင် အခြေခံအဆောက်အအုံများ၊ ကောက်ပဲသီးနှံစိုက်ခင်းများပျက်စီးခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၀ ရက်မှာ အားကောင်းတဲ့ ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာတစ်နာရီ ၁၂၀ ကီလိုမီတာနှုန်းနဲ့တိုက်ခတ်ခဲ့တာဖြစ်ပြီး အဆင့် ၃ အဖြစ် သတ်မှတ်ထားပါတယ်။ မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်တချို့နဲ့ ရေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ခဲ့ရပါတယ်။ ငါးဖမ်းလုပ်ငန်းတွေလဲ ခေတ္တရပ်နားထားဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းကြောင့် လူနေအိမ်ခြေတချို့၊ အခြေခံအဆောက်အအုံတချို့နဲ့ ကောက်ပဲသီးနှံစိုက်ခင်းတွေ ပျက်စီးခဲ့ပါတယ်။ မုန်တိုင်းအခြေအနေတည်ငြိမ်သွားမှပဲ လေကြောင်းခရီးစဉ်တွေ၊ ရေကြောင်းခရီးစဉ်တွေကိုပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု မောရစ်သျှအာဏာပိုင်အဖွဲ့အစည်းက နိုင်ငံပိုင်ရုပ်သံသတင်းဌာနမှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# ဓနအင်အားတောင့်တင်းသည့်နိုင်ငံများက လေထုညစ်ညမ်းမှုလျှော့ချရန် ဦးဆောင်သင့်ဟု ကင်ညာသမ္မတ ဝီလျံရူတို တိုက်တွန်း

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၁**

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ရန် အရေးကြီးနေပြီး ဓနအင်အားတောင့်တင်းသည့် အင်အားကြီးနိုင်ငံများအနေဖြင့် ဦးဆောင်သွားသင့်ကြောင်း ကင်ညာသမ္မတ ဝီလျံရူတိုက တိုက်တွန်းခဲ့သည်ဟု Barron သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေထုညစ်ညမ်းမှုလျှော့ချရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါက ငွေကြေးအင်အား တောင့်တင်းရန်လိုအပ်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် အခက်အခဲများ ရှိနေကြောင်း၊ အထူးသဖြင့် အာဖရိကနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်များကိုအကောင်အထည်ဖော်ရန် အခက်အခဲရှိနေသဖြင့် ဓနအင်အားတောင့်တင်းသည့် အင်အားကြီးနိုင်ငံများက ဦးဆောင်ပေးသင့်ကြောင်း ကင်ညာသမ္မတဝီလျံရူတိုက ပြောကြားခဲ့ကြောင်း သိရသည်။

"အာဖရိကနိုင်ငံတွေအနေနဲ့ ရွေးချယ်စရာမရှိတော့တဲ့အတွက် အခုလို သဘာဝဘေးအန္တရာယ်ကို ခါးစည်းရင်ဆိုင်နေရတယ်။ ရာသီဥတုဖောက်ပြန်မှု လျှော့ချနိုင်ဖို့အတွက် လေထုညစ်ညမ်းမှုတွေ လျှော့ချနိုင်ဖို့ လိုအပ်ပါတယ်။ လေထုညစ်ညမ်းမှု လျှော့ချရေးနဲ့ပတ်သက်ပြီး ထိရောက်တဲ့ဆွေးနွေးပွဲတွေ ပြုလုပ်နိုင်ဖို့လိုအပ်တယ်။ ဆွေးနွေးပွဲတွေ ပြုလုပ်နေပေမဲ့လဲ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ခံစားမိတယ်။ ကမ္ဘာမြေကြီးပူနွေးမှုကို လျှော့ချနိုင်ဖို့အတွက်လဲ လေထုညစ်ညမ်းမှုပြဿနာကိုဖြေရှင်းနိုင်ဖို့ အဓိကကျနေတယ်။ လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားရမယ်။ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ ဘဏ္ဍာရေးအင်အားတောင့်တင်းဖို့ လိုအပ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ လုံလောက်တဲ့ဓနအင်အား မရှိကြဘူး။ ဓနအင်အားတောင့်တင်းတဲ့ အင်အားကြီးနိုင်ငံတွေအနေနဲ့ လေထုညစ်ညမ်းမှုလျှော့ချရေးကို ဦးဆောင်သွားသင့်ပါတယ်" ဟု ကင်ညာသမ္မတဝီလျံရူတိုက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# တူရကီနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင် ထပ်မံလှုပ်ခတ်

**အင်ကာရာ ဖေဖော်ဝါရီ ၂၁**

တူရကီနိုင်ငံတွင် ယခုလပထမပတ်အတွင်းက လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲကာလတွင် ဖေဖော်ဝါရီ ၂၀ ရက်က တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခုထပ်မံလှုပ်ခတ်သဖြင့် အဆောက်အအုံများ ပြိုကျကာ အနည်းဆုံး လူ သုံးဦး သေဆုံးပြီး ဦးရေ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကိုကိုးကား၍ NPR သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြထားသည်။

တူရကီနှင့် ဆီးရီးယားနိုင်ငံတို့တွင် လူဦးရေ ၄၅၀၀၀ ခန့်သေဆုံးခဲ့ပြီး ခန့်မှန်းခြေ လူသန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့ရသော လွန်ခဲ့သော နှစ်ပတ်ကဖြစ်ပေါ်ခဲ့သည့်ငလျင်ကပ်ဘေးကို အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန် ယခုကဲ့သို့ ထပ်မံ၍ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့် တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ Antakya၊ Defne၊ Samandag မြို့မှ အဆောက်အအုံ အများအပြား ထပ်မံပြိုကျခဲ့ပြီး အဆောက်အအုံအပျက်အစီးများကြား အနည်းဆုံး လူခြောက်ဦး ပိတ်မိနေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆိုလူက ပြောကြားခဲ့သည်။


ငလျင်လှုပ်ခတ်မှုကြောင့် မြို့များရှိ ရင်ပြင်များအတွင်း လူများပြည့်ကျပ်လျက်ရှိပြီး ပြန်လည်နေရာချထားရေး၊ ရေ၊ အစားအစာနှင့်အဝတ်အထည်၊ အသုံးအဆောင်ရရှိရေးလုပ်ငန်းများ အရေးပေါ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

AZH

0w Kv d @

# ရတနာလွှမ်းသောအိမ်

ချစ်သက်(မြန်မာစာ)




(၁)

ရွာဦးကျောင်းက ကလတက်ခေါက်သံနှင့်အတူ ကြက်ဖတို့၏တွန်သံသည် ကျေးတောနေရွာသူ၊ ရွာသားတို့ကို အိပ်ရာမှထရန် နှိုးဆော်လျက်ရှိသည်။ ညောင်ပင်သာရွာမှ ဦးအောင်ဖြိုး၏ဇနီး ဒေါ်ချောစုက ထမင်းချက်ရန် ပြင်ဆင်နေလေသည်။ ဦးအောင်ဖြိုးသည် မျက်နှာသစ်၊ သွားတိုက်ပြီး ဘုရားခန်းသို့ဝင်လျက် ဆီမီးထွန်း၊ ရေချမ်းကပ်၍ ငါးပါးသီလခံယူပြီးသည်နှင့် နတ်ပင့်၊ မင်္ဂလသုတ်ရွတ်ပြီး ပဋ္ဌာန်းကို ရွတ်ဖတ်ပူဇော်လေသည်။ သားနှင့်သမီးမှာ အိပ်နေဆဲဖြစ်သည်။ ဦးအောင်ဖြိုးပဋ္ဌာန်းရွတ်ပြီး အမျှဝေသံကိုကြားသည်နှင့် အိပ်ရာမှ ထကြလေ၏။ ဒေါ်ချောစုမှာလည်း ထမင်းဟင်းကျက်ပြီဖြစ်၍ ဘုရားခန်းထဲသို့ဝင်ကာ ဆွမ်းကပ်လေ၏။ ပန်းကန်ထဲတွင် ဆွမ်းကိုအပြည့်ထည့်၍ ဘေးမှ ဟင်းများနှင့် လက်ဆေးခွက်၊ လက်ကိုင်ပဝါ အသင့်ထားလျက်ရှိ၏။ ဒေါ်ချောစုသည် ယပ်တောင်ကို ဖြည်းညင်းစွာခတ်နေ၏။ ဘုရားရှင်သက်ရှိထင်ရှားရှိသကဲ့သို့ ပြုမူနေလေ၏။ ၁၀ မိနစ်ခန့်အကြာတွင် ဆွမ်းတော်ကိုသိမ်းပြီး ဘုရားရှိခိုးလေသည်။ ဦးအောင်ဖြိုးနှင့် သား မောင်ဖြိုး၊ သမီး ယမင်းနွယ်တို့ နံနက်စာစားရန် ဒေါ်ချောစုကို စောင့်နေကြ၏။

"အဖေ သား ဒီနေ့ အော်ဒါလက်ခံထားလို့ မြို့ပေါ်တက်ရမယ် ဘာမှာအုံးမလဲ"

"အထွေအထူးမှာစရာမရှိပါဘူးကွာ။ ရွာဦးကျောင်းက ဆရာတော်ဘုဉ်းပေးဖို့ ပန်းသီးနဲ့ စပျစ်သီး တော့ဝယ်ခဲ့"

"ဟုတ်ကဲ့ အဖေ"

ဦးအောင်ဖြိုးသည် လယ်သမားဖြစ်သော်လည်း သမီးနှင့်သားကို လယ်ယာအလုပ်မလုပ်စေခဲ့ပေ။သား မောင်ဖြိုးဘွဲ့ရပြီးသည်နှင့် ကုန်ပစ္စည်းများနှင့် ခရီးသည်တင်၍ပြေးဆွဲရန် ဟိုက်ဂျက်ကားကို လယ်ယာထွက်ကောက်ပဲသီးနှံရောင်းရငွေများဖြင့် ဝယ်ပေးခဲ့သည်။ သမီးကိုမူ မိခင်ဖြစ်သူ ဒေါ်ချောစုနှင့်အတူ အိမ်မှုကိစ္စကိုသာ လုပ်စေခဲ့သည်။ ဒေါ်ချောစု၏ အမျှဝေသံသည် ဝန်းကျင်တစ်ခုလုံးလွှမ်းခြုံသွားလေသည်။

"အမေ ဒီမနက် မြို့ကိုတက်ဖို့ရှိတယ် ဘာမှာအုံးမလဲ"

"ဘုရားပန်းဝယ်ခဲ့သား ဘုရားပန်းတွေ နွမ်းစပြနေပြီ"

"ဟုတ်ကဲ့ အမေ သား ဝယ်ခဲ့မယ်"

မိသားစုအားလုံးနံနက်စာစားပြီးနောက် မောင်ဖြိုးက မြို့သို့တက်ရန် ပြင်ဆင်လေသည်။ ဦးအောင်ဖြိုးသည် နွားတစ်ရှဉ်းနှင့်အတူ လယ်ထဲသို့သွားလေသည်။ တပေါင်းလ၏နေသည် ပူပြင်းလှသည်။ နေမင်းကြီးသည် အစွမ်းကုန်တန်ခိုးအာဏာပြသလျက်ရှိသည်။

(၂)

ဦးအောင်ဖြိုးသည် ပန်းသီးနှင့်စပျစ်သီးကိုကိုင်ကာ ရွာဦးဘုန်းကြီးကျောင်းသို့ ထွက်ခဲ့သည်။ အချိန်က ညနေဆည်းဆာချိန်ဖြစ်သည်။ ကျောင်းဝင်းထဲတွင်လည်း ကျောင်းသားဖိုးခွားနှင့်တွေ့လေသည်။

"ဖိုးခွား ဆရာတော်ဘယ်မှာတုံး"

"သိမ်ထဲမှာဦးရေ"

"သြော်. . . အေး အေး"

သိမ်ထဲတွင် ကျောင်းထိုင်ဆရာတော်ဦးကုသလကို တွေ့လေသည်။

"ဘဘုန်းဘုရား မနက်က သားမြို့တက်လို့ ပန်းသီးနဲ့ စပျစ်သီး ဘဘုန်းစားဖို့မှာလိုက်တာ။ အဲဒါ လာလှူတာပါ ဘုရား"

"သာဓု သာဓု သာဓုပါ ဒကာကြီး။ အလုပ်အကိုင်ကော အဆင်ပြေရဲ့လားဒကာကြီး"

"ပြေပါတယ် ဘုရား"

"အေး အေး ဒကာကြီးလဲ ဒီလယ်ထွက်ကိုင်းထွက်နဲ့ပဲ သားနဲ့သမီးကို ဘွဲ့ရပညာတတ်ဖြစ်အောင်ထားရတာ။ မောင်ဖြိုးအလုပ်ကကော အဆင်ပြေရဲ့လား"

"ပြေပါတယ်ဘုရား ဝင်ငွေကောင်းပါတယ်ဘုရား"

"ကောင်းမှာပေါ့ဒကာကြီးရာ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို ဦးထိပ်ထားတဲ့မိသားစု စီးပွားဥစ္စာတိုးတက်အုံးမှာ ဒကာကြီး"

ဦးအောင်ဖြိုး၏မျက်ဝန်းသည် အေးချမ်းသော အသွင်ကိုဆောင်လျက်ရှိ၏။ ဦးအောင်ဖြိုးသည် ဆရာတော်အားဦးချပြီး အိမ်သို့ပြန်ခဲ့လေသည်။ နေမင်းကြီးလည်း တာဝန်ပြီးဆုံးပြီမို့ အိပ်စက်အနားယူရန် အနောက်ဘက်သို့ တဖြည်းဖြည်းဝင်ရောက်သွားတော့သည်။ ဦးအောင်ဖြိုးအိမ်ရောက်သည်နှင့် ဘုရားခန်းထဲ၌ သမီး ယမင်းနွယ် ပဋ္ဌာန်းရွတ်ဖတ်သံကို ကြားနေရသည်။ သမီး ဘုရားရှိခိုးပြီးသည်နှင့် သားမောင်ဖြိုး ပဋ္ဌာန်းရွတ်သံကြားရပြန်သည်။ သားသမီးနှစ်ယောက်ဘုရားရှိခိုးအပြီးတွင် ဦးအောင်ဖြိုး သာဓုသုံးကြိမ်ခေါ်လိုက်သည်။ ဤသည်မှာ ဦးအောင်ဖြိုးမိသားစု၏ နိစ္စဓူဝပင် ဖြစ်ပေတော့သည်။

(၃)

"အဖေ သားတို့မြန်မာနိုင်ငံမှာ ကိုဗစ်စတွေ့ပြီတဲ့။ အိန္ဒိယမှာလဲ ကိုဗစ်ကြောင့် လူတွေသေတာအများကြီး"

"ဟုတ်လား သား ပြစမ်းပါအုံး"

"ဒီမှာအဖေ ဒီမှာ။ မြန်မာနိုင်ငံမှာတွေ့တာ နိုင်ငံခြားပြန်တဲ့"

မောင်ဖြိုးသည် ဖုန်းကိုပြနေလေ၏။ ဦးအောင်ဖြိုးတို့မိသားစုသည် ကိုဗစ်စတွေ့ပြီဆိုကတည်းက ကိုဗစ်စည်းကမ်းနှင့်အညီနေကြ၏။ တောရွာဖြစ်သော်လည်း ခြံတံခါးကိုပိတ် အိမ်နီးချင်းများနှင့် ခပ်ခွာခွာနေလေသည်။ အိမ်သို့ ဧည့်သည်လာလျှင် လက်ကိုဆပ်ပြာနှင့် သေချာစွာဆေးခိုင်းကာ မက်တပ်ပြီးမှ အိမ်ထဲသို့ ဝင်ခိုင်းလေသည်။

"အဖေရေ ပေါက်ပြီဗျ ပေါက်ပြီ"

အိမ်ပေါ်မှဆင်းပြေးလာသော သားကိုကြည့်၍ ကွပ်ပျစ်ပေါ်တွင်ထိုင်နေသော ဦးအောင်ဖြိုးလန့်သွားသောအမူအရာဖြင့် မောင်ဖြိုးကိုကြည့်ပြီး-

"ဘာတုံးသားရဲ့ မင်းဟာက အလန့်တကြား"

"အလန့်တကြားဖြစ်ရမယ် အဖေရေ။ သား သုံးလုံးပေါက်တယ်။ အိပ်မက်ပေးတာ ဘယ်သူ့မှမပြောဘဲ ထိုးလိုက်တာ သုံးသောင်းဖိုး အဖေရ"

ဒေါ်ချောစုသည်လည်း သားအဖနှစ်ယောက်ကြားသို့ ရောက်လာလေသည်။ ထို့နောက် အပြုံးယောင်မျက်လုံးတစ်စုံဖြင့် ပြောလိုက်လေသည်။

"သားရေ အဲဒါ ဘုရား တရားများများလုပ်တဲ့ အကျိုးကျေးဇူးတွေပဲ။ ဘယ်တော့မှ ဘုရား တရား မမေ့စေနဲ့"

ထိုနေ့သည် ဦးအောင်ဖြိုးတို့၏မိသားစု အပျော်ဆုံးနေ့ဟု ဆိုရပေမည်။ နေဝင်ပြီဆိုသည်နှင့်တစ်ပြိုင်နက် နေဝင်မီးလက် စီးပွားတက်ဟူသောစကားအတိုင်း ဆီမီးမြိုင်မြိုင် ပန်းမြိုင်မြိုင်ဖြင့် ဘုရားခန်းတွင်လည်း လှပတင့်တယ်ပြီး ပဋ္ဌာန်းရွတ်သံက ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားတော့သည်။

"သားရေ ဒီဘက်ကို မုန့်ဟင်းခါးရည် လာထည့်ပေးပါအုံးကွ"

"ဟုတ် အဖေ"

"ဘကြီးတို့ဝအောင်စားနော်။ အလှူတော့မစားနဲ့ မုန့်ဖတ်၊ ဟင်းရည်၊ နံနံပင် လိုချင်တာကိုပြောနော်"

ဦးအောင်ဖြိုးတို့မိသားစု နံနက်အရုဏ်ဆွမ်းကပ် အလှူပြုလုပ်ခြင်းဖြစ်သည်။ တစ်ရွာလုံး မီးခိုးတိတ် လာစားကြသည်။ အလှူရှင်တို့အပြုံးမျက်နှာသည် ဝင်းလက်တောက်ပလျက်ရှိတော့သည်။

(၄)

"ဟဲ့ နင်ကြားပြီးပြီလား မောင်ဖြိုးဆေးရုံတင်ထားရတယ်တဲ့။ ကိုဗစ်တဲ့ဟေ့ ကိုဗစ် ကြောက်စရာကြီး"

မောင်ဖြိုးကိုဗစ်ဖြစ်နေသည်ဆိုသောသတင်း ရွာနီးချုပ်စပ်ပျံ့နှံ့သွားတော့သည်။ မြို့ဆေးရုံတွင် အခြေအနေမကောင်းသောကြောင့် ရန်ကုန်ဆေးရုံသို့ပြောင်းရွှေ့ရလေသည်။ ဦးအောင်ဖြိုးသည် သားအတွက် ဟိုက်ဂျက်ကားကိုရောင်းရသည့်အပြင် အိမ်ထောင်ကျစဉ်ကတည်းက လုပ်ကိုင်လာသော လယ်ကိုပါ ပေါင်ထားရလေသည်။

"ဆရာ သား အခြေအနေလေး သိပါရစေ"

ဆရာဝန်ကြီးသည် ခေါင်းကိုခါလျက် ဝမ်းနည်းသောအမူအရာဖြင့် ပြောလေသည်။

"လူနာကအောက်ဆီဂျင်ထိုးကျနေပြီ။ ကျွန်တော်တို့လဲ အစွမ်းကုန်ကြိုးစားကုတာပါပဲ။ အခုညကျော်မယ်မထင်ဘူး စိတ်မကောင်းပါဘူးဗျာ"

ဆရာဝန်ကြီးသည် လူနာအခြေအနေကိုပြောပြပြီး အခန်းတွင်းမှ ထွက်သွားလေသည်။ ဦးအောင်ဖြိုးသည် မျက်နှာသွေးမရှိသော လူနာပမာ အရုပ်ကြိုးပြတ်ဖြစ်နေတော့သည်။ အတန်ကြာမှ သတိဝင်လာကာ ဝေဒနာသက်သာလိုသက်သာငြား သား၏ခြေလက်တို့ကို နှိပ်ပေးနေသည်။ ကလင် ကလင် ဖုန်းမြည်သံကိုကြားမှ အသိစိတ်ဝင်လာပြီး-

"ဟဲလို မိန်းမ"ဟု ပြန်ထူးလိုက်ကာ တားဆီးမရသော မျက်ရည်များကို ကျခွင့်ပေးလိုက်ပြီး-

"မိန်းမရေ သားအခြေအနေမကောင်းဘူး။ အခု ည ညတောင်မကျော်ဘူးတဲ့ ဆရာဝန်ကြီးက"

တစ်ဖက်က ဘာသံမျှမကြားရတော့ပေ။ ဦးအောင်ဖြိုးသည် သားလက်လေးကိုကိုင် နဖူးကို ဖွဖွလေး နမ်းလိုက်ပြီး မကျေနပ်သောလေသံဖြင့်-

"တောက် ငါတို့အိမ်လောက် ဘုရားတရားကိုလုပ်တာ ငါတို့အိမ်ပဲရှိတယ်။ ဒါတောင် ငါ့သားလေးမှ ကိုဗစ်လာဖြစ်ရတယ်လို့ကွာ ဟီး ဟီး"

ဦးအောင်ဖြိုးသည် အိပ်ပျော်လိုက်၊ နိုးလိုက်ဖြစ်နေတော့သည်။ ကောင်းကောင်းမပျော်ခဲ့ပေ။

"အဖေ သား ရေဆာတယ် ရေဆာတယ်"

ဦးအောင်ဖြိုးသည် မျက်စိကိုပွတ်သပ်ပြီး အံ့သြသင့်လျက် ခုတင်ဘေးတွင်ရှိသောရေကို သားဖြစ်သူအား တိုက်လိုက်လေသည်။ ထို့နောက် ဆရာဝန်ကို ခေါ်ရန် သတိရသွားတော့သည်။ ချက်ချင်းဆိုသလို ဆရာဝန်ကြီးနှင့် သူနာပြုဆရာမရောက်လာလေသည်။ သွေးပေါင်ချိန်တိုင်းပြီး လူနာအခြေအနေကို စမ်းသပ်ပြန်သည်။

"အံ့သြပါ့ဗျာ လုံးဝထင်မထားဘူး အောက်ဆီဂျင်ပြန်တက်လာတယ်။ လူနာသေချာက ပြန်လာပြီဗျ။ ဝမ်းသာပါတယ် ခင်ဗျာ"

ဆရာဝန်ကြီးလည်း အပြုံးမျက်နှာဖြင့် ထိုသို့ဆိုလိုက်ကာ လူနာအခန်းမှ ထွက်ခွာသွားတော့သည်။

(၅)

ဦးအောင်ဖြိုးတို့အိမ်သည် အရင်ကကဲ့သို့ ဘုရားသံတရားသံ ပဋ္ဌာန်းရွတ်ဖတ်သံလည်း မကြားရတော့ပေ။ တိတ်ဆိတ်ငြိမ်သက်လှပေသည်။ ဘုရားခန်းတွင်လည်း ကြာပြီဖြစ်သော ပန်းအခြောက်များနှင့် ရေတစ်ဝက်ခန့်ရှိသော သောက်တော်ရေခွက်သာရှိနေလေသည်။ လေးလံသောခြေလှမ်းများဖြင့် ဦးအောင်ဖြိုးသည် ဘုန်းကြီးကျောင်းသို့သွားလေသည်။ ကျောင်းသို့အရောက်တွင် ဆရာတော်နှင့် တွေ့လေသည်။

"ဆရာတော် မာပါစ"

"ကောင်းပါတယ် ဒကာ။ ဒကာတို့အိမ်ရဲ့အကြောင်းကြားရတာ စိတ်မကောင်းလှဘူးကွယ်"

စာမျက်နှာ ၂၅သို့ ➤

# ရာဇသတ်ကြီးဥပဒေပါ လူခိုးမှုအကြောင်းသိကောင်းစရာ

စိန်လှိုင်ပိုလ်

ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၃ သည် လူခိုးမှု၊ သွေးဆောင်မှု၊ ကျွန်ပြုမှုနှင့် အနိုင်အထက်စေခိုင်းမှုဟူသောခေါင်းစဉ်အောက်တွင် ပါရှိသောပုဒ်မဖြစ်သည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၃ တွင် "မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ပြည်ထောင်စုမြန်မာနိုင်ငံအပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီအုပ်ထိန်းသူထံမှဖြစ်စေ ခိုးယူလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု လူခိုးမှုအတွက် ပြစ်ဒဏ်ကို သတ်မှတ်ထားသည်။ အလိုတူအလိုပါဖြစ်စေကာမူ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၁ နှင့်အညီ မိဘ အုပ်ထိန်းခြင်းမှ မလွတ်မြောက်သေးသော အသက်အပိုင်းအခြားအားဖြင့် ၁၆ နှစ်ဖြစ်သည်။


ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အမှုတစ်ခုဖြစ်သည်။ မောင်ကျော်ဆွေက ၎င်း၏ချစ်သူ မခင်ရဲတင့်ကို နှစ်ဦးသဘောတူခိုးယူပေါင်းသင်းခဲ့သည်။ မခင်ရဲတင့်၏ အုပ်ထိန်းသူများဘက်က အသက်မပြည့်မြောက်သေးသူကို ခိုးယူပေါင်းသင်းသည်ဟုဆိုကာ ပြည်မြို့ (၂) ရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင် လျှောက်ထားရာ မောင်ကျော်ဆွေအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၃ အရ ပြစ်မှုမြောက်သည်ဟုဆိုကာ အလုပ်နှင့်ထောင်ဒဏ် ရှစ်လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်ကျော်ဆွေက မကျေနပ်သဖြင့် ပြည်မြို့ စက်ရှင်တရားသူကြီးရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်တရားရုံးချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ဦးချစ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားရုံးချုပ်က စဉ်းစားရန် အဓိကပြဿနာနှစ်ရပ်ကို ဦးစွာထုတ်နုတ်ခဲ့သည်။ ပထမပြဿနာမှာ မခင်ရဲတင့်သည် မောင်ကျော်ဆွေခေါ်ရာသို့ လိုက်ပါသွားရာတွင် ၎င်း၏အလိုအတိုင်း လိုက်ပါသည်၊ မလိုက်ပါသည်ဖြစ်ပြီး ဒုတိယပြဿနာမှာ ထိုအချိန်အခါက မခင်ရဲတင့်သည် အလိုတူအလိုပါဖြစ်စေကာမူ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၁ နှင့်အညီ မိဘ အုပ်ထိန်းခြင်းမှ မလွတ်မြောက်သေးသော အသက် ၁၆ နှစ်အောက် ဖြစ်သည်၊ မဖြစ်သည်ဟူ၍ဖြစ်သည်။

ပထမပြဿနာနှင့်ပတ်သက်၍ အမှုတွဲပေါ် ပေါက်ချက်အရ ၎င်းတို့နှစ်ဦးသည် သမီးရည်းစားများဖြစ်ကြကြောင်း၊ မခင်ရဲတင့်သည် မောင်ကျော်ဆွေနောက်သို့ ခိုးရာလိုက်ရာ၌ ၎င်းသဘောအလျောက် လိုက်ပါသွားကြောင်းနှင့် ဒုတိယပြဿနာမှာ ခိုးရာလိုက်ပြေးသည့်အချိန်တွင် မခင်ရဲတင့်သည် အသက် ၁၆ နှစ်အောက်ဖြစ်သည်၊ မဖြစ်သည်နှင့်ပတ်သက်၍ တရားလို တရားခံနှစ်ဖက်စလုံးက အမျိုးမျိုးသက်သေစွဲချက်များရှိပြီး သက်သေခံစာအမှတ်အသားများကိုလည်း တင်ပြထားကြသည်။ အောက်ရုံးနှစ်ရုံးစလုံးက ထိုအချိန်အခါက မခင်ရဲတင့်အသက်သည် ၁၆ နှစ်မပြည့်သေးဟု ယူဆပြီးလျှင် မောင်ကျော်ဆွေအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၆၃ အရ အပြစ်ပေးလိုက်ခြင်းမှာ မှန်၊ မမှန်ကို တရားသူကြီး ဦးချစ်က သေချာဂနစွာသုံးသပ်ဆင်ခြင်ခဲ့သည်။

မခင်ရဲတင့်၏အသက်ကို စစ်ဆေးသည့် ဆရာဝန် ဦးသာမိုးက သူ၏အရပ်အမောင်း၊ အလေးချိန်နှင့် သွားများကို စစ်ဆေးပြီးနောက် ဓာတ်မှန်ရိုက်၍စစ်ဆေးကြည့်ရှုကာ အသက်မှာ ၁၅ နှစ်နှင့် ၁၇ နှစ်ကြားရှိ၍



၁၆ နှစ် နည်းနည်းသာကျော်မည်ဖြစ်နိုင်ပါသည်ဟု အကြံဉာဏ်ပေးခဲ့သည်။ မခင်ရဲတင့်ဘက်က တင်ပြသော ဇာတာအရဆိုလျှင် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ် မပြည့်သေးပေ။ ထို့ပြင် မခင်ရဲတင့်၏ ကျောင်းဝင်စာရင်းတွင် ဖော်ပြချက်အရဆိုလျှင်လည်း အသက် ၁၆ နှစ်မပြည့်သေးပေ။ ထို့ပြင် မခင်ရဲတင့်၏ အမျိုးသားမှတ်ပုံတင်လက်မှတ်တွင် မွေးဖွားသည့်နေ့ရက်မှာ ဆန်း ၁၅-၁၀-၁၃၁၁ ဟု ဖော်ပြထားသည်။ သို့သော် ၎င်းနေ့စွဲကိုဖျက်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်ဟု ပြင်ထားသည်။ ထိုသို့ပြင်ရာတွင် မိဘများ၏သဘောတူညီချက်အရ မခင်ရဲတင့်က ပြင်ထားကြောင်း အမှုတွင်ပေါ် ပေါက်သည်။ ပြင်ထားသော မွေးဖွားသည့်နေ့စွဲအရဆိုလျှင် အချင်းဖြစ်စဉ်အခါက မခင်ရဲတင့်သည် အသက် ၁၆ နှစ်ကျော်လွန်နေသည်။ မူလပေးထားသည့် ရက်စွဲအတိုင်းဆိုလျှင် အသက် ၁၆ နှစ်မကျော်သေးကြောင်း ရုံးတော်က အသေးစိတ်စိစစ်ခဲ့သည်။

**အစိုးရရှေ့နေကြီး ဦးဘကြိုင်ကလည်း ဤအမှုတွင် မခင်ရဲတင့်၏အသက်သည် အချင်းဖြစ်အချိန်အခါက အသက် ၁၆ နှစ်မပြည့်သေးပါဟု ပြဆိုရန်မှာ တရားလို၏တာဝန်သာဖြစ်ကြောင်း၊ တရားလိုက မခင်ရဲတင့်၏အသက်သည် ၁၆ နှစ်အောက်ဖြစ်ပါသည်ဟု တိတိကျကျပြဆိုထားခြင်းမရှိကြောင်း၊ တရားခံဘက်က တင်ပြသော သက်သေခံစာအထောက်အထားများကိုကြည့်ခြင်းအားဖြင့် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဆရာဝန်ကလည်း အသက် ၁၆ နှစ် နည်းနည်းကျော်ပြီဟု အကြံပေးထားကြောင်း၊ အချင်းဖြစ်စဉ်အချိန်အခါက မခင်ရဲတင့်အသက်မှာ ၁၆ နှစ်မပြည့်သေးဟု ဤအမှုတွင် တထစ်ချမပေါ်လွင်ကြောင်း၊ မခင်ရဲတင့်အသက်နှင့် ပတ်သက်၍ ဒွိဟသံသယများဖြစ်ပေါ်လာရန်အကြောင်းရှိရာ ဒွိဟသံသယ၏အကျိုးကို မောင်ကျော်ဆွေက ဥပဒေအရ ခံစားထိုက်သည်ဖြစ်သဖြင့် ၎င်းအကျိုးကိုခံစားစေရန် ဤရုံးက စစ်ဆေးစေလိုပါသည်** ဟု တင်ပြလျှောက်ထားခဲ့သည်။

တရားသူကြီး ဦးချစ်က တရားလိုဘက်မှ မခင်ရဲတင့်၏ဇာတာနှင့် အခြားဇာတာများကို တင်ပြထားသော်လည်း ဇာတာများမှာ အများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများမဟုတ်ကြောင်း၊ အလွန်အရေးကြီးသည့် မခင်ရဲတင့်၏မွေးဖွားလက်မှတ်ကို တရားလိုဘက်မှ မတင်ပြနိုင်ကြောင်း၊ ဆရာဝန်သည် လောကဓာတ်နည်းဖြင့် မခင်ရဲတင့်ကို စစ်ဆေးခဲ့ပြီး အသက် ၁၅ နှစ်နှင့် ၁၇ နှစ်ကြားဖြစ်သည်ဆိုသော်လည်း ၁၆ နှစ် နဲနဲကျော်ပြီဟု ထွက်ဆိုထားချက်ကို ထောက်ထားခြင်းအားဖြင့် ထိုလောကဓာတ်နည်းဖြင့် စစ်ဆေး၍ ရရှိသောအချက်အလက်တို့မှာ ဆရာဝန်၏ဉာဏ်ဖြစ်စေကာမူ တရားဝင်သော သက်သေခံတင်ပြချက်အကြောင်းအရာဖြစ်သည်ဟု နိုင်ငံတော်နှင့် **ကျူတရပ်အိုင်အယ်အာရ် ၁၉၃၉ မဒရပ်၊ စာမျက်နှာ-၈၇၁** တွင် ထုံးဖွဲ့ထားသည်ကို ရည်ညွှန်းကိုးကားခဲ့သည်။

အမှုတစ်ခုလုံးကို ခြုံကြည့်သောအခါ တွေ့ရှိရသည်မှာ မခင်ရဲတင့်အသက်နှင့်ပတ်သက်၍ တရားလိုဘက်က တိကျပြတ်သားသော သက်သေခံချက်မရှိကြောင်း၊ တရားခံဘက်ကတင်ပြသော သက်သေခံစာမှတ်တမ်းများနှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်အပြင် ဆရာဝန်သက်သေထွက်ချက်များကို ထောက်ရှုခြင်းအားဖြင့် မခင်ရဲတင့်၏အသက်သည် အချင်းဖြစ်စဉ်အခါက ၁၆ နှစ်ပြည့်ပြီးလည်းဖြစ်နိုင်သည်။ အစိုးရရှေ့နေကြီးတင်ပြသည့်အတိုင်း မခင်ရဲတင့်၏အသက်သည် ထိုအချိန်အခါက ၁၆ နှစ်မပြည့်သေးလဲဖြစ်နိုင်သည်။ ပြည့်ပြီးလည်းဖြစ်နိုင်သည်ဟု အမှုတွဲတွင် ပေါ်လွင်နေသောကြောင့် ထိုအသက်နှင့်ပတ်သက်၍ ဒွိဟသံသယဖြစ်စရာအကြောင်း ပေါ်ပေါက်လာပေသည်။ ၎င်းဒွိဟသံသယအကျိုးခံစားခွင့်ကို မောင်ကျော်ဆွေကသာလျှင်ခံစားရန်ရှိကြောင်း **နိုင်ငံတော်နှင့် ဦးမွေပါလ ရန်ကုန်အတွဲ-၄ စာမျက်နှာ-၆၆၆ နှင့် မောင်အောင်ပွင့်နှင့် နိုင်ငံတော်အမှု မောင်အောင်ပွင့်နှင့် နိုင်ငံတော်အမှု ၁၉၅၇ ရန်ကုန်စီရင်ထုံး စာမျက်နှာ-၅၀** တို့ကို တရားရုံးချုပ် တရားသူကြီးက ရည်ညွှန်းကိုးကားခဲ့သည်။

အထက်တွင်ဖော်ပြသော အကြောင်းအချက်များနှင့် ဥပဒေအကိုးအကားများအရ ကျွန်ုပ်သည် ပညာရှိအစိုးရရှေ့နေကြီးနှင့် သဘောချင်းတူညီသည်။ အောက်ရုံးနှစ်ရုံးက မခင်ရဲတင့်၏အသက်နှင့် ပတ်သက်၍ ချမှတ်သောအမိန့်မှာ အကြောင်းခြင်းရာအရသော်လည်းကောင်း၊ ဥပဒေအချက်အလက်များအရသော်လည်းကောင်း အလွန်မှားယွင်းနေ၍ တရားမျှတမှုကင်းမဲ့နေသည်ကိုတွေ့ရှိရသဖြင့် ကျွန်ုပ်အနေနှင့် လက်မခံနိုင်ဘဲ ပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ လျှောက်ထားသူ မောင်ကျော်ဆွေအား ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။ ဤအမှုတွင်လည်း အစိုးရရှေ့နေကြီးသည် အမှုတွင်ပေါ်ပေါက်ချက်အရ မောင်ကျော်ဆွေအနေနှင့် ဒွိဟသံသယအကျိုးကို ခံစားခွင့်ရှိသူဖြစ်ကြောင်း ဥပဒေအမြင်ကို တိကျပြတ်သားစွာ တင်ပြလျှောက်ထားခြင်းကို တွေ့မြင်သိရှိရပါကြောင်း လေးစားစွာ တင်ပြရင်း **မောင်ကျော်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ဗနစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၂(စ)** အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ကျောက်တံခါးမြို့နယ် တိုက်ကြီးစုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၅၃ သန်းဖြင့် ကင်မွန်းအင်းကျေးရွာအုပ်စု တိုက်ကြီးစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမြင့်နိုင်ဦး၊ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ တိုက်ကြီးစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ရေရှည်အသုံးပြုမည့် ကုန်ထုတ်လမ်းဖြစ်သည့်အတွက် ပျက်စီးမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

တိုက်ကြီးစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ၂ ဒသမ ၉၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် မြေနီကျောက်စရစ်ကိုးလက်မခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၅၃ သန်းအသုံးပြု၍ ရွှေနွယ်မြေကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် တိုက်ကြီးစု



ကျေးရွာရှိ အိမ်ခြေ ၃၆၁ အိမ်၊ လူဦးရေ ၉၅၀ တို့၏ စိုက်ပျိုးမြေလယ်ယာဧက ၉၅၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# မြန်မာအမျိုးသားလေကြောင်းလိုင်းက မန္တလေး-ချင်းမိုင်-မန္တလေးခရီးစဉ်ကို မတ် ၂ ရက်တွင် စတင်ပျံသန်းပြေးဆွဲပေးသွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာအမျိုးသားလေကြောင်းလိုင်းက မန္တလေး-ချင်းမိုင်-မန္တလေး ခရီးစဉ်ကို ယခုနှစ် မတ် ၂ ရက်မှ စတင် ပျံသန်းပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း အဆိုပါလေကြောင်း လိုင်း၏သတင်းများအရ သိရသည်။

မြန်မာအမျိုးသားလေကြောင်း လိုင်း(MNA)အနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို တိုးချဲ့ပျံသန်း ပြေးဆွဲပေးလျက်ရှိရာ ယခုနှစ် မတ် ၂ ရက်မှစ၍ မန္တလေး-ချင်းမိုင်-မန္တလေးခရီးစဉ်ကို ထပ်မံပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မန္တလေး-ချင်းမိုင်-မန္တလေး ခရီးစဉ်ကို ယခုနှစ် မတ်၂ ရက်မှ စ၍ အပတ်စဉ်ကြာသပတေးနေ့တိုင်း တိုက်ရိုက် ပျံသန်းပြေးဆွဲပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် မန္တလေးမြို့မှ ညနေ ၃ နာရီ ၄၅ မိနစ်တွင်ထွက်ခွာကာ ထိုင်းနိုင်ငံ ချင်းမိုင်လေဆိပ်သို့ ထိုင်းနိုင်ငံ စံတော်ချိန် ညနေ ၅ နာရီ ၃၅ မိနစ် တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ချင်းမိုင်လေဆိပ်မှ ဒေသစံတော်ချိန် ည ၆ နာရီ ၃၅ မိနစ်တွင် ပြန်လည် ထွက်ခွာကာ မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော် ချိန် ည ၇ နာရီ ၂၅ မိနစ်တွင် ပြန် လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေး-ချင်းမိုင်-မန္တလေးခရီး စဉ်အတွက် လေယာဉ်လက်မှတ်ခ နှုန်းထားမှာ ခရီးစဉ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၇၂ ဒေါ်လာ သတ်မှတ်ထားပြီး အသွား၊ အပြန် ခရီးစဉ်အတွက် လေယာဉ်လက်မှတ် ခမှာ အမေရိကန်ဒေါ်လာ ၂၈၀ သတ်မှတ်ထားကြောင်း၊ အဆိုပါ ခရီးစဉ်အတွက် လေယာဉ်လက် မှတ်များကို www.flymna.com တွင် Credit Card, Debit Card, MPU Card နှင့် 123 Service (Over the counter၊ Mobile Banking နှင့် iBanking၊ Wallet) တို့အသုံးပြု၍ ဝယ်ယူနိုင် ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် စီးနင်း လိုက်ပါမည့် ခရီးသည်များကို Economy Classအတွက် Baggage Allowance 20 Kg ပါဝင် ပြီး Hand Carry Baggage အတွက် 7 Kg ထိ သယ်ဆောင် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# နတ်တလင်းမြို့နယ် ခင်ဇေယျ(ကရင်ကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်တလင်း ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ် တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခင်ဇေယျ(ကရင်ကုန်း) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် နတ်တလင်းခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တ လင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ခင် ဇေယျ (ကရင်ကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေး ငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက် နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဌေး လွင်စိုးနှင့်အဖွဲ့က ခင်ဇေယျ(ကရင် ကုန်း)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အိုး လုပ်ငန်းလုပ်ကိုင်သူများနှင့်တွေ့ဆုံ ကာ လုပ်ငန်းဆောင်ရွက်ပုံများနှင့် ဖြန့်ဖြူးရောင်းချမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးကွက် ရရှိနိုင်စေရန်နှင့် ပိုမိုဆန်းသစ်စွာ ဖန်တီးနိုင်စေရန် ချိတ်ဆက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင် ဦးစီးမှူးက ဆွေးနွေးပြောကြားသည်။

ခင်ဇေယျ(ကရင်ကုန်း)ကျေးရွာ ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၁၉ ဒသမ ဝ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၅၄ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၉ ဒသမ ၄ သိန်း စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ် ၃၈ ဒသမ ဝ၄ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်း နိုင်ထွန်းထံမှ သိရသည်။

**သန္တာ**

# ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၂၁၄၉ ဧက စိုက်ပျိုးပြီးစီး

**ဓနုဖြူ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင် ခရိုင် ဓနုဖြူမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံ ပဲလွမ်း ၂၁၄၉ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်း နိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၂၁၄၉ ဧကကို ၂၀၂၂ ခုနှစ် အောက်တို- ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်တဲ့ရာသီမှာ ပဲလွမ်း ၂၁၄၉ ဧကထိ လျာထား စိုက်ပျိုးခဲ့တာပါ။ လက်ရှိ လျာထား ချက်တွေအတိုင်း စိုက်ပျိုးနိုင်ခဲ့ပါပြီ။ ဆောင်းသီးနှံ စိုက်ပျိုးတဲ့ရာသီမှာ ပဲသီးနှံတွေကို ပိုမိုမစိုက်ပျိုးနိုင် ရင်တောင် လျာထားချက်ကတော့ ပြည့်အောင် စိုက်နိုင်ခဲ့ပါတယ်။ ဓနုဖြူမြို့နယ်အတွင်းက ဆောင်း သီးနှံစိုက်တဲ့ တောင်သူတွေအနေနဲ့ ဆောင်းသီးနှံတွေကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေ စတင်မစိုက်မီကတည်းက ဆောင်ရွက်ပေးထားပါတယ်။ လက်ရှိ အချိန်ထိ စိုက်ပျိုးထားတဲ့သီးနှံတွေ မှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းနေ ပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်း နိုင်က ပြောပြသည်။



ဓနုဖြူမြို့နယ်တွင် ဆောင်း သီးနှံ ပဲလွမ်း ၂၁၄၉ ဧကကို ကျေးရွာ ၂၂ ရွာမှ ဒေသခံတောင် သူများက အများဆုံးစိုက်ပျိုးထား ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ပဲလွမ်းသီးနှံများအောင်မြင်ဖြစ်ထွန်း စေရန်၊ ပိုးမွှားအန္တရာယ်ကျရောက် ဖျက်ဆီးခြင်းမရှိစေရန်၊ တစ်ဧက ချင်း အထွက်နှုန်းညီစေရန် စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက စိုက် ခင်းများထိ ကွင်းဆင်းပြီး တောင် သူပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် ခက်တန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူ များ အလုပ်အကိုင်အခွင့်အလမ်း နှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ် ၍ ခက်တန်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေ နဝမ အကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါ ရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မေလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန် ချက်များ၊ စီမံကိန်းဆောင်ရွက်ရ ခြင်းကြောင့် ရရှိလာမည့် အကျိုး ကျေးဇူးများ ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေး သွင်းနိုင်ရေး အလေးထားဆောင် ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာ စိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မေလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေး ရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထံ ရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခက်တန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ် ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၅ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေး ခဲ့ကြောင်း သိရသည်။

**ဇော်မာ**

# ကံမမြို့နယ် တောင်စကိုင်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကံမ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး သရက် ခရိုင် ကံမမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တောင် စကိုင်းကျေးရွာမှ ကံမ-ပြည် ကား လမ်းမကြီးသို့ ဆက်သွယ်သော ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဖေဖော် ဝါရီ ၂၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကံမမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်အေးနန်းထွေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာ ကုမ္ပဏီမှတာဝန်ရှိသူ များနှင့်အတူ ကံမမြို့နယ် တောင် စကိုင်းကျေးရွာမှ ကံမ-ပြည် ကား လမ်းမကြီးသို့ ဆက်သွယ်သော ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှု စစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်း များ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရန် လိုအပ်ကြောင်း ဖြည့်စွက်မှာကြားသည်။

တောင်စကိုင်းကျေးရွာမှ ကံမ- ပြည်ကားလမ်းမကြီးသို့ ဆက်သွယ် သောလမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးလက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၈ ဒသမ ၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ် ကြောင်း ကံမမြို့နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာ ရှိ (မြို့ပြ) ဒေါ်အေးနန်းထွေးထံမှ သိရသည်။

**ကျော်ဦး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ၂၀၂၃ ခုနှစ်၏ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများ

ခိုင်ဇင်

ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများဟုဆိုရာတွင် အများစုသည် စီးပွားရေးအင်အားကြီးနိုင်ငံများကို အလိုအလျောက် ပြေးမြင်သတိရတတ်ကြသည်။ သို့သော် နိုင်ငံ၏အမျိုးသားနေ့ဥစ္စာကို တိုင်းတာရာတွင် အခြေခံအားဖြင့် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)ဖြင့်သာ အသုံးပြုတွက်ချက်ပြီး ချမ်းသာသောနိုင်ငံအမည်စာရင်းများကို ထုတ်ပြန်လေ့ရှိသည်။ နိုင်ငံ၏အရွယ်အစား၊ ဝင်ငွေ စသည်ဖြင့် နိုင်ငံကိုချမ်းသာသည် ဆင်းရဲသည် ခွဲခြားခြင်းမှာ ယုံကြည်စိတ်ချရသော အဖြေမဟုတ်သောကြောင့် ကျွမ်းကျင်သူများက ပိုမိုတိကျသောအဖြေရရှိရန် နိုင်ငံတစ်ခုစီ၏ GDP per capita ဒေတာကိုကြည့်ရှုခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ချမ်းသာမှုကို တွက်ချက်ကြခြင်းဖြစ်သည်။ အောက်တွင် ဖော်ပြသွားမည့်နိုင်ငံများသည် GDP ဖြင့် တွက်ချက်ထားသည့် ၂၀၂၃ ခုနှစ်၏ အချမ်းသာဆုံးသောနိုင်ငံများထဲမှ နိုင်ငံတချို့ဖြစ်သည်။

**ကူဝိတ်နိုင်ငံ**



ကူဝိတ်နိုင်ငံသည် အနောက်အာရှရှိ အာရေဗျကျွန်းဆွယ်၏အရှေ့မြောက်ပိုင်းတွင်တည်ရှိသော အချုပ်အခြာအာဏာပိုင် အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကူဝိတ်နိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၆၈၈၀ ခန့်မျှရှိပြီး လူဦးရေ ၃ ဒသမ ၆ သန်းခန့်ရှိသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများစာရင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ၎င်းနိုင်ငံငယ်၏ အခြေခံထွက်ကုန်မှာ ရေနံဖြစ်သည်။ နိုင်ငံ၏ပြည်ပတင်ပို့မှု၏ ၉၅ ရာခိုင်နှုန်းမှာလည်း ရေနံဖြစ်သဖြင့် ရေနံသည် နိုင်ငံ၏အခြေခံစီးပွားရေးအဖြစ် လူသိများသည်။ ထို့ကြောင့် ကူဝိတ်၏ စုစုပေါင်း GDP သည် အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံသို့ ရောက်ရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရသည်။ ကူဝိတ်နိုင်ငံသည် ကာတာပြီးလျှင် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအနက် အချမ်းသာဆုံးနိုင်ငံလည်းဖြစ်သည်။

**အာရပ်စော်ဘွားများပြည်ထောင်စု(UAE)**

အာရပ်စော်ဘွားများ ပြည်ထောင်စုကို UAE ဟုခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြပြီး အာရှတိုက်အနောက်တောင်ဘက် ပါရှန်းပင်လယ်ကွေ့ရှိ အာရပ်ကျွန်းဆွယ်ပေါ်တွင်တည်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် လူဦးရေ စုစုပေါင်း ၉ ဒသမ ၂ သန်းမျှရှိပြီး ၁ ဒသမ ၄ သန်းမှာ UAE နိုင်ငံသားများဖြစ်ကာ ၇ ဒသမ ၈ သန်းမှာ နိုင်ငံရပ်ခြားမှ လာရောက်အလုပ်လုပ်ကိုင်သူများဖြစ်ကြသည်။ ရေနံပို့ကုန်ဖြင့် ချမ်းသာသောနိုင်ငံများထဲတွင်ပါသည့် အရှေ့အလယ်ပိုင်းနိုင်ငံလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံသည် ဆက်သွယ်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍများမှရရှိသည့် ဝင်ငွေများမှလည်း နိုင်ငံအတွက် အမြတ်အစွန်းများရရှိသည်။ ၁၉၇၁ ခုနှစ်မှစ၍ ယနေ့ခေတ်ထိ UAE ၏စီးပွားရေးသည် ၂၃၁ ဆ တိုးတက်လာခဲ့သည်။ UAE ၏စုစုပေါင်း GDP မှာ အမေရိကန်ဒေါ်လာ ၇၇၉ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်ကထက် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကာ ချမ်းသာသောနိုင်ငံများစာရင်းတွင် ရပ်တည်လျက်ရှိသည်။



**နော်ဝေနိုင်ငံ**

နော်ဝေနိုင်ငံသည် မြောက်ဥရောပတွင်ရှိသော နော်ဒစ်တိုင်းပြည်တစ်ခုဖြစ်ပြီး စကင်ဒီနေဗီးယားကျွန်းဆွယ်၏ အနောက်ဘက်ပိုင်းနှင့် ဂျန်မေယန်ဟုခေါ်သော အာတိတ်ကျွန်းစုများထဲမှ Svalbard နှင့် Bou-vet ကျွန်းများကြားတွင်တည်ရှိသည်။ နော်ဝေနိုင်ငံသည် ဧရိယာစတုရန်း



မိုင်ပေါင်း ၁၄၈၇၄၇ မိုင်ရှိပြီး လူဦးရေ ငါးသန်းကျော်နေထိုင်လျက်ရှိသည်။ နော်ဝေနိုင်ငံသည် ဥရောပတွင် ဒုတိယမြောက် လူဦးရေသိပ်သည်းမှုအနည်းဆုံးနိုင်ငံဖြစ်သည်။ နော်ဝေသည် သဘာဝသယံဇာတ၊ ရေနံတူးဖော်ရေးနှင့် ငါးဖမ်းခြင်းကဲ့သို့သောလုပ်ငန်းများဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ နော်ဝေနိုင်ငံ၏ စုစုပေါင်း GDP သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၆၀ ကျော်ရှိပြီး ကုန်ထုတ်စွမ်းအား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်လက်မဲ့နှုန်းနည်းပါးမှုတို့ကြောင့် နိုင်ငံ၏စုစုပေါင်းထုတ်ကုန်တန်ဖိုးမြင့်ကာ ချမ်းသာသောနိုင်ငံများစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

**အိုင်ယာလန်နိုင်ငံ**

အိုင်ယာလန်နိုင်ငံသည် အနောက်ဥရောပတွင်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိုင်ယာလန်နိုင်ငံသည် အိုင်ယာလန်ကျွန်း၏ခြောက်ပုံငါးပုံမျှကို နေရာယူထားသည်။ နာမည်ကျော်စာရေးဆရာကြီးများနှင့် ချစ်စရာကောင်းသည့် ခရီးသွားလည်ပတ်ရာနေရာများကြောင့် လူသိများသော



အိုင်ယာလန်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ပြောင်းလဲလာသည်။ အိုင်ယာလန်၏ စုစုပေါင်း GDP သည် ၂၀၂၂ ခုနှစ်ကထက် ၆ ဒသမ ၁ ရာခိုင်နှုန်းတိုးလာပြီး အမေရိဒေါ်လာ ၁၆၅ ဘီလီယံကျော်ထိရှိလာခဲ့သည်။ Microsoft၊ Google နှင့် Apple ကဲ့သို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာပြီး နောက်ပိုင်း နိုင်ငံ၏အဓိကပို့ကုန်များမှာ ဆေးဝါး၊ လျှပ်စစ်နှင့် ကွန်ပျူတာပစ္စည်းများ အဓိကတင်ပို့သည့်နိုင်ငံဖြစ်လာသည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံသည် ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၂၇၃ မိုင်သာ အကျယ်အဝန်းရှိသဖြင့် စင်ကာပူသည် ကမ္ဘာပေါ်ရှိနိုင်ငံနှင့် မြို့တော်တစ်ခုတည်းဖြစ်သောနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့်အပြင် အရှေ့တောင်အာရှတွင် အသေးငယ်ဆုံးနိုင်ငံလည်းဖြစ်သည်။ လူပေါင်း ၅ ဒသမ ၆၁၂ သန်းရှိသော စင်ကာပူနိုင်ငံသည် အာရှတွင် အချမ်းသာဆုံးနိုင်ငံအဖြစ် လူသိများပြီး စုစုပေါင်း GDP မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ရှိသဖြင့် ၂၀၁၇ ခုနှစ်ထက် ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရသည်။ ယနေ့ခေတ်တွင် စင်ကာပူနိုင်ငံ၏စီးပွားရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများဖြစ်ပြီး အကြီးဆုံးသောစီးပွားရေးကဏ္ဍများ၌ ဘဏ်လုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးနှင့် လျှပ်စစ်ပစ္စည်းများပါဝင်သည်။ နိုင်ငံချမ်းသာ



လာရခြင်းမှာ နိုင်ငံ၏ လစ်ဘရယ်စီးပွားရေးမူဝါဒနှင့် ယဉ်ကျေးမှုပေါင်းစုံစီးပွားရေးကြောင့်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍသည်လည်း နိုင်ငံ့စီးပွားရေး၏ ကျောရိုးအဖြစ်ရှိသည်ကို တွေ့ရသည်။

**လူဇင်ဘတ်နိုင်ငံ**

လူဇင်ဘတ်နိုင်ငံသည် အနောက်ဥရောပတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၅၈၆ စတုရန်းကီလိုမီတာခန့်မျှ ကျယ်ဝန်းသည်။ နိုင်ငံ၏အရွယ်အစားသည် သေးငယ်သော်လည်း ခိုင်မာသောစီးပွားရေးရှိသဖြင့် လူဇင်ဘတ်သည် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံစာရင်းဝင်ဖြစ်လာ



ခြင်းဖြစ်သည်။ နိုင်ငံ၏စုစုပေါင်း GDP သည် အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံရှိသဖြင့် ၂၀၂၁ ခုနှစ်ကထက် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ၎င်း၏စီးပွားရေးသဘာဝအရင်းအမြစ်များမှာ သံမဏိ၊ စက်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းကဏ္ဍများဖြစ်သည်။ ကွန်ဆာဗေးတစ်စီးပွားရေးမူဝါဒများသည် ဆန်းသစ်တီထွင်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းနည်းပါးသောကြောင့် နိုင်ငံ၏စီးပွားရေးမူဝါဒသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုတွင် အခန်းကဏ္ဍတစ်ခုမှပါဝင်သည်။

**ကာတာနိုင်ငံ**



ကာတာနိုင်ငံသည် အနောက်အာရှတွင်တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံစာရင်းထိပ်တွင် ရပ်တည်နေသည့် ရေနံကြွယ်ဝသော ကာတာနိုင်ငံသည် ကမ္ဘာ့ကျန်နိုင်ငံများထက် သာလွန်ကောင်းမွန်သည့် ၎င်း၏ခိုင်မာသောစီးပွားရေးမှာ ရေနံတင်ပို့မှုဖြစ်ပြီး ပြည်ပပို့ကုန်များ၏ ၈၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းနိုင်ငံတော်ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ရေနံကဏ္ဍမှရရှိလျက်ရှိသည်။ လူဦးရေ ၂ ဒသမ ၆၃၉ သန်းခန့်သာရှိသော ကာတာသည် ရေနံအရန်အမြောက်အမြားရှိသည့် နိုင်ငံငယ်လေးဖြစ်သည်။ ထို့ပြင် ခရီးသွားကုန်သွယ်မှု၊ သံမဏိနှင့် ဓာတ်မြေသြဇာတင်ပို့မှုတို့မှလည်း နိုင်ငံတော်ဘဏ္ဍာကို ပံ့ပိုးကူညီလျက်ရှိကြောင်း ရေးသားအပ်ပါသည်။


**Top Richest Countries in the World in 2023 ကို ဘာသာပြန်ဆိုထားပါသည်။**



# ရတနာပုံ စာအုပ်စင်

ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

## ကျားကိုက်၍သေသော ပညာသည်လေးယောက်နှင့် မြန်မာ့ရိုးရာဥပဒေပုံပြင်များ(၂) ထုတ်ဝေဖြန့်ချိ



ပဥ္စင်္ဂစာအုပ်တိုက်က ဒုတိယအကြိမ်ထုတ်ဝေသော ကျားကိုက်၍သေသော ပညာသည်လေးယောက်နှင့်မြန်မာ့ရိုးရာဥပဒေပုံပြင်များ(၂) ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်တွင် စာအုပ်တိုက်၏နိဒါန်းအမှာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ရှေးမြန်မာဘုရင်များလက်ထက်တော်တွင် ရာဇဝတ်ပြစ်မှုအလျောက် ပြစ်ဒဏ်ခံရသူများသည် မိမိတို့ကို ပြစ်ဒဏ်ချမှတ်သည့် တရားသူကြီးတို့အပေါ်တွင်လည်းကောင်း၊ မိမိတို့ကို ဖမ်းဆီးသည့် မင်းမှုထမ်းများအပေါ်တွင်လည်းကောင်း စိတ်ကွက်ခြင်း၊ နာကြည်းခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် တရားရုံးတော် ကျင့်ထုံးများမှာ အတိအကျသတ်မှတ်မှုရှိသည်။ စီရင်ချက်၊ ဆုံးဖြတ်ချက်မှာလည်း အဂတိလိုက်စားမှုများမှ ကင်းရှင်း၍ မေတ္တာကရုဏာနှင့်ယှဉ်သော ချမှတ်သည့် စီရင်ဆုံးဖြတ်ချက်များဖြစ်ကြလေသည် စသည်ဖြင့် ဖော်ပြပါရှိသည်။


ယခုစာအုပ်တွင် ယုန်တရားသူကြီး၊ တရားစည်ကြီး၊ အချစ်ကြီးသော ရည်းစားတရားသူကြီး၊ တိရစ္ဆာန်တရားပြိုင်များ၊ ချောင်းဆိုးမိသောထင်းခုတ်သမား၊ ဖုန်းတောင်းယာစကာ လေးယောက် စသည့် ပုံပြင် ၂၂ ပုဒ် ပါဝင်သည်။

ယခုစာအုပ်ပါ စိတ်တိုသော မယားကို ဤသို့တွေ့ရသည်။ မင်းသမီးသည် ထိုသူတို့ ယင်းသို့ လျှောက်ထားလာကြသည့်အတွက် ထိုမိန်းမ၏ ပထမလင်ယောကျ်ား၏ သဘောတူညီမှုကိုရယူပြီး အောက်ပါအမိန့်ကို ချမှတ်လေသည်။ အမိန့်. . . "စိတ်တိုသောမိန်းမသည် ရွာသားအား လက်ထပ်ထိမ်းမြားရမည်။ ထို့နောက် ၎င်းတို့၌ သားယောကျ်ားတစ်ဦး မွေးဖွားရရှိလာသည့်အခါ ထိုကလေးကို သေဆုံးသွားသော ကလေး၏လျော်ကြေးအဖြစ် ထိုမိန်းမ၏ ပထမလင်ယောကျ်ားသို့ ပေးဆောင်ရမည်" ဟူ၍ဖြစ်၏။

စာ- ၉၉ မှ

ယခုစာအုပ်ကို အုပ်ရေဖော်ပြမထားဘဲ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## ဂရိမစ်သ်များ ထရိုဂျင်စစ်ပွဲ ထွက်ရှိလာ




Myanmar Knowledge Society က ထုတ်ဝေသော မင်းခက်ရဲ၏ ဂရိမစ်သ်များ ထရိုဂျင်စစ်ပွဲစာအုပ် ထွက်ရှိလာသည်။

ထရိုဂျင်စစ်ပွဲ၏နည်းပရိယာယ်တစ်ခုဖြစ်သော ထရိုဂျင်မြင်းရုပ်ကြီးမှာ မြန်မာစာရေးဆရာ၊ ကဗျာဆရာများကြားတွင် လူသိများထင်ရှားသော အကြောင်းအရာတစ်ခုဖြစ်ပြီး ၎င်းကို ဝတ္ထု၊ ကဗျာများထဲတွင် အညွှန်းပြုဝေါဟာရတစ်ခုအဖြစ်ပင် ပြန်လည်အသုံးပြုဖော်ပြနိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ယခုစာအုပ်တွင် ဂရိသမိုင်းအကျဉ်းကို နိဒါန်းအဖြစ် ဖော်ပြထားပြီး ကောက်နုတ်ဖော်ပြရလျှင် ဂရိတွေက ကျောက်ခေတ်ဟောင်း (old stone age)ကတည်းက ရှိနေကြပြီ။ ခန့်မှန်းခြေ ဘီစီအီး ၇၀၀၀ လောက်ကတည်းကလို့ ဆိုပါတယ်။ ဒါပေမဲ့ အဲဒီလူတွေ ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာ ဘာမှမသိနိုင်ဘူး။ ကျောက်ခေတ်သစ်(new stone age) ဘီစီအီး ၆၀၀၀-၃၀၀၀ ကြားရောက်တော့ သူတို့ရဲ့ ကျောက်အိမ်တွေ၊ ပန်းအိုးတွေ၊ ကျောက်တုံးတွေနဲ့ အုတ်ဂူတွေကတစ်ဆင့် သူတို့အကြောင်း နည်းနည်းပါးပါး သိလာရပြီ။ ကြေးခေတ်မှာ ဂရိတွေက အစုအဖွဲ့နဲ့ နေလာကြပြီ။ ပြီးတော့ စိုက်ပျိုးရေးအလုပ်ကိုလုပ်လာကြပြီး ဂရိတွေဖြတ်သန်းခဲ့တဲ့ ခေတ်ကို ပညာရှင်တွေက ခေတ်ခြောက်ခေတ်ခွဲခဲ့ကြတယ်။

၁။ အစောပိုင်းနဲ့ အလယ်ပိုင်း ကြေးခေတ် ဘီစီအီး ၃၀၀၀-၁၆၀၀၊
၂။ မိုက်ဆီနီယန်းခေတ် (နှောင်းပိုင်း ကြေးခေတ်) ဘီစီအီး ၁၆၀၀-၁၂၀၀၊
၃။ ဂရိအမှောင်ခေတ် ဘီစီအီး ၁၂၀၀-၈၀၀၊
၄။ အာခိုက်ခေတ်ကာလ ဘီစီအီး ၈၀၀-၄၈၀၊
၅။ ဂန္တဝင်ခေတ်ကာလ ဘီစီအီး ၄၈၀-၃၂၃၊
၆။ ဟယ်လင်းနစ်ကာလ ဘီစီအီး ၃၂၃-၃၁၊

ယခုစာအုပ်မှာ တွေးခေါ်ရှင်နှင့် သူရဲကောင်းများပေါ်ထွန်းခဲ့သည့် ဂရိတို့၏ သမိုင်းဖြစ်စဉ်ကို စိတ်ဝင်စားဖွယ်ဖော်ပြထားသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

## ရင့်ကျက်မှုအတွက် ကွင်းဆက်များ ပုံနှိပ်ထုတ်ဝေ




Country Roads စာပေက ဒုတိယအကြိမ်ထုတ်ဝေသော မောင်သာမည၏ ရင့်ကျက်မှုအတွက် ကွင်းဆက်များစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်တွင် စာရေးသူ၏အမှာစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် မိမိတို့ပတ်ဝန်းကျင်တွင် မရင့်ကျက်သောသူတို့ကြောင့် ဖြစ်လာသည့် ဆင်းရဲတို့ကိုလည်းကောင်း၊ ရင့်ကျက်သူတို့ကြောင့် ဖြစ်လာသည့် ချမ်းသာတို့ကိုလည်းကောင်း အထင်အရှားတွေ့နေရသည် စသည်ဖြင့် ဖော်ပြပါရှိကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် ရင့်ကျက်မှုအတွက် ကွင်းဆက်များ၊ ရင့်ကျက်ခြင်း၊ အချစ်၌ရင့်ကျက်ခြင်း၊ စိတ်ဓာတ်ရင့်ကျက်ခြင်း ဟူသောခေါင်းစဉ်ကြီးလေးခုဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်ပါ ဒဿနအမြင်ကွင်းဆက်မှ ကောက်နုတ်ဖော်ပြရလျှင် သူ၏လောကကား အရွယ်နှင့်အမျှ ကြီးမားကျယ်ပြန့်လာသည်။ သူ၏ လောကသည် မူလက ပုခက်မျှသာ ဖြစ်၏။ နောက်တော့ အိပ်ခန်းအထိ ကျယ်လာသည်။ ထိုမှတစ်ဖန် အိမ်တစ်ခုလုံးထိ နယ်ချဲ့လာသည်။ လမ်းမပေါ်သို့ ရောက်လာသည်။ ဈေးသို့ရောက်လာသည်။ ကစားကွင်းသို့ ရောက်လာသည်။ စာသင်ကျောင်းသို့ ရောက်လာသည်။ ရပ်ကွက်သို့ ရောက်လာသည်။ မြို့သို့ ရောက်လာသည်။ တိုင်းသို့ ရောက်လာသည်။ သို့ဖြင့် ကမ္ဘာကြီးသို့၊ လူ့ဘောင်လောကသို့၊ စကြဝဠာကြီးသို့ ရောက်လာသည်။ အစက်အပြောက်ကလေးမှ စခဲ့သော သူ၏ လောကသည် ဆက်စပ်မှုအမြင်အားဖြင့် အတိုင်းအတာမဲ့ လောကကြီးဆီသို့ ရောက်ရှိလာခဲ့ပြီ။ ကျဉ်းမြောင်းသော ခံစားသိမှ ကျယ်ပြန့်သောဆင်ခြင်သိသို့ ကူးပြောင်းအသုံးချရင်း သူကား ကမ္ဘာကြီးတစ်ခုလုံးနှင့် ပတ်သက်ဆက်စပ်လာခဲ့လေပြီ။

စာ-၈၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## နတ်ပြေးတဲ့ရွှေဖူးစာ ထွက်ရှိလာ




ရသယဉ်စွန်းတန်းစာပေက ထုတ်ဝေသော ယဉ်ယဉ်(ရွှေခယ်မြေ)၏ နတ်ပြေးတဲ့ ရွှေဖူးစာနှင့် ရသ ဝတ္ထုတိုများစာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်တွင် သက်နိုင်(ပြင်ဦးလွင်)၏အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် နောက်ဆုံးအနေဖြင့် စာအုပ်၏ခေါင်းစဉ်ဖြစ်သော 'နတ်ပြေးတဲ့ရွှေဖူးစာ'ကိုဖတ်မိသောအခါ ကြဲကြဲဖန်ဖန်၊ နှိုက်နှိုက်ချွတ်ချွတ် တွေးလည်း တွေးတတ်ပါပေသည်။ ရေးလည်း ရေးတတ်ပါပေသည် ဟူ၍ ချီးမွမ်းထောမနာပြုရတော့သည် စသည်ဖြင့်ဖော်ပြပါရှိသည်။


ယခုစာအုပ်တွင် ဖြည့်စွက်စာ၊ စကားပွဲစား၊ နှောင်တမီး၊ ဝဋ်ကြွေးမဲ့လူ၊ ရွှေပင်နားမိလေသောငှက်၊ သာဓုခေါ်နိုင်ပါစေ၊ သဇ္ဇေသတ္တာ ကမ္ဘာသကာများ၊ တန်ဖိုး၊ အဖက်၏အခြားတစ်ဖက်၊ နတ်ပြေးတဲ့ရွှေဖူးစာ စသည့်ဝတ္ထုတိုများပါဝင်သည်။

ယခုစာအုပ်ပါ နတ်ပြေးတဲ့ရွှေဖူးစာမှ ကောက်နုတ်ဖော်ပြရလျှင် လူပြည်မှာ သူနှင့်လယ်ဇယ်တန်းပေါင်းလို့သင်းလို့ နားလည်ပေးနိုင်သည့် မနဲ့လေးကိုတော့ သူရင်ဖွင့်ပြောပြမိသည်။ "စဉ်းစားကြည့်စမ်းပါအေ။ ငါ့အလုပ်က ရေသာခိုလို့ရတဲ့အလုပ်မျိုးလား။ နတ်တကာ နတ်ထဲမှာမှ ငါ့အလုပ်က ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းနေရတဲ့ နတ်မျိုးဟ။ ညည်းပဲ စဉ်းစားကြည့်လေ။ ငါကတော့ ဘယ်သူ့ကိုမဆို ရိုးမြေကျ ဖူးစာဆုံစေချင်သလို ရိုးမြေကျချစ်စေချင်တာ။ ဒါပေမဲ့ ငါလုပ်ပေးလိုက်လို့ ပေါင်းဖက်သွားကြသော အတွဲတွေက ငါ့ကိုကျေးဇူးတင်လိုက်တာဆိုပြီး အမှတ်တရ ပူဇော်ပသတာမျိုးရှိဖူးလား။ လင်ဘက်က ရိုးရာနတ်တွေနဲ့ မယားဘက်က ရိုးရာနတ်တွေသာပေါင်းစည်းပြီး ကောင်းစားသွားကြတာ။ အဲ ကွဲကြ၊ ပြဲကြပြီဆိုရင်တော့ ငါကပဲ ဖူးစာဘက်မဖြစ်သင့်သူတွေကို ပေါင်းစည်းပေးခဲ့တာကိုး ဆိုတဲ့ အပြစ်တင်သံက ထွက်လာတော့တာမဟုတ်လား။ တကယ်ပါအေ ငါလေ ဒီလိုနတ်မျိုးဖြစ်မဲ့အစား ကိုကြီးကျော်သာ ဖြစ်လိုက်ချင်သေး"

စာ-၁၂၈၊ ၁၂၉ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## စုံထောက်ဦးစံရှား အာဠာဝကမောင်ကလေးနှင့် အခြားဝတ္ထုတိုများ ထုတ်ဝေဖြန့်ချိ




စိတ်ကူးချိုချိုစာပေက စတုတ္ထအကြိမ် ထုတ်ဝေသော ရွှေဥဒေါင်း၏ စုံထောက်ဦးစံရှား အာဠာဝကမောင်ကလေးနှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်မှာ မြန်မာစာဖတ်ပရိသတ်ကို စုံထောက်ဝါသနာ၊ ဆက်စပ်စဉ်းစားတတ်မှုနှင့်ကောက်ချက်ချတတ်မှုတို့ကို မျိုးစေ့ချပေးခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည့် ရွှေဥဒေါင်း၏ စာပေလက်ရာတချို့ကို စုစည်းထားသည့် စာအုပ်ဖြစ်သည်။

ယခုစာအုပ်တွင် အာဠာဝကမောင်ကလေးအမှု၊ တွံတေးအိုး ၆ လုံးကွဲမှု၊ ထူးဆန်းသော ကစားသမားအမှု၊ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု၊ လက်ပြတ်အင်ဂျင်နီယာ၊ အစိုးရစာချုပ် ပျောက်ဆုံးမှု၊ ရည်းစားပျောက်ရာပုံတော်၊ မဟာရာဇာတစ်ဦးအမှု၊ ပထမဆုံး စုံထောက်ခဲ့သောအမှု၊ သိုက်ဆရာတစ်ယောက်၏အမှု၊ဘင်္ဂါလီစကားပြန်အမှု၊ ကပ်စေးနဲ့မိုဇက်အမှု၊ အင်းလျားကန်လူသတ်မှု စသည့် စုံထောက်ဝတ္ထု ၁၃ ပုဒ်ပါဝင်သည်။

ယခုစာအုပ်ပါ လက်ပြတ်အင်ဂျင်နီယာမှ ကောက်နုတ်ဖော်ပြရလျှင် "ကျုပ်က နှုတ်လုံဖို့ ဒီလောက်တောင် ကတိတောင်းနေတော့ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုအလုပ်မျိုးလဲလို့ သိချင်ပေမှာပေါ့။ မှန်ပါတယ်။ ဒီလိုဗျ. . . သမိုင်းမှာ ဦးသော်ရဲ့ ပန်းကန်စက်ကို သိသလား"တဲ့။ "ကျွန်တော်က သိပါတယ်"လို့ဖြေတော့ သူက "ပန်းကန်လုပ်တဲ့ကိစ္စမှာ ရွှံ့စေးကောင်းကောင်းရဖို့ဟာ သိပ်အရေးကြီးတယ်။ အသင့်အတင့် ရွှံ့စေးနဲ့လုပ်တဲ့ ပန်းကန်တစ်လုံးဟာ လေးပဲတန်ရင် တရုတ်ပြည်ကြီးက ပထမတန်းရွှံ့စေးမျိုးနဲ့လုပ်တဲ့ ပန်းကန်တစ်လုံးဟာ တစ်ကျပ်လည်း တန်တယ်။ ယုံရဲ့လား"တဲ့ ကျွန်တော်က "ယုံပါတယ်။ ကြားလည်းကြားဖူးပါတယ်"လို့ ပြန်ပြောတော့ . . .

စာ-၈၃၊ ၈၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦးစာပေက
ပံ့ပိုးသည်

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၁-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်


နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**ပလင်ငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကန်ဒေါ်လာ ၃၁ သန်းကျော်တန်ဖိုးရှိ ပဲလွမ်းဖြူတန်ချိန် ၄၇၀၀၀ ကျော် တင်ပို့ရောင်းချသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၃၁ သန်းကျော်တန်ဖိုးရှိ ပဲလွမ်းဖြူ တန်ချိန် ၄၇၀၀၀ ကျော် တင်ပို့ ရောင်းချသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲလွမ်းဖြူဈေးကွက်မှာ ပြည်ပဈေးကွက်ကိုသာ အဓိကအားထားလှုပ်ရှားနေရသည့် ပဲဈေးကွက်တစ်ခုဖြစ်နေသော်လည်း ပြည်ပဖောက်သည်ဈေးကွက်မရှားသည့် ပဲအမျိုးအစားများ ဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ပဲလွမ်းဖြူများကို အိန္ဒိယ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့အပြင် ဥရောပနိုင်ငံများသို့ပါ တင်ပို့ရောင်းချပေးနေရကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲလွမ်းဖြူမှာ အခြားနိုင်ငံများထက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုနည်းသဖြင့် ဥရောပဈေးကွက်က ဝယ်လိုအားရှိနေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပဲလွမ်းဖြူများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈၁၃ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၇ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၃ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၈၂ သန်းတန်ဖိုးရှိ ပဲလွမ်းဖြူတန်ချိန် ၄၇၇၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရောင်းချရာတွင် ဘဏ္ဍာနှစ်၏ ပထမသုံးလဖြစ်သည့် ဧပြီလမှ ဇွန်လထိ ပဲလွမ်းဖြူ ၁၁၉၂၅ တန်၊ ဘဏ္ဍာနှစ်၏ဒုတိယသုံးလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလထိ ပဲလွမ်းဖြူ ၁၁၉၂၅ တန်၊ ဘဏ္ဍာနှစ်၏ တတိယသုံးလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလထိ ပဲလွမ်းဖြူ ၁၁၉၂၅ တန်နှင့် ဘဏ္ဍာနှစ်၏ နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိ ပဲလွမ်းဖြူ ၁၁၉၂၅ တန် စုစုပေါင်းပဲလွမ်းဖြူတန်ချိန် ၄၇၇၀၀ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ဈေးနှုန်းအနေဖြင့် ပဲလွမ်းဖြူတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၀ ရရှိရန်ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ် ပဲလွမ်းဖြူရာသီတွင် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်၏ ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ ပဲလွမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

## အုတ်တွင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**အုတ်တွင်း ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဆောင်ရွက်ခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး၊ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ပေါက်ကုန်းကျေးရွာ၌ ဆိုလာစနစ်သုံး ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ သရက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အုတ်တွင်းမြို့နယ် ပေါက်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၁၆ သန်း အသုံးပြုပြီး အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ဆိုလာသုံးရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်းများကို Maga Golden ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလပထမပတ်မှ စတင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သရက်ကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၇၅ သန်း အသုံးပြုပြီး အရှည် ပေ ၆၈၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို Golden Eagle Tounggo ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများမှာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**







**မန္တလေးမြို့တွင်းလုပ်ကိုင်ရန်**

- Online အရောင်းဝန်ထမ်း (၁)ဦး
- တက္ကသိုလ်ဘွဲ့တစ်ခုခုရပြီးသူဖြစ်ရမည်။
- မှတ်ပုံတင်ရှိရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။
- အလုပ်ချိန် နံနက် ၈း၀၀ မှ ညနေ ၅း၀၀
- လစာ (ညှိနှိုင်း)
- ဆက်သွယ်ရန် 09-767300610


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

ဖက်ဒရယ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေးဆောင်ရွက်နေပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# Bank Account အတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှုမဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မသမာသူများသည် လူပုဂ္ဂိုလ်အချို့၏ Bank Account များအတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများ ကျူးလွန်လျက်ရှိသဖြင့် လူပုဂ္ဂိုလ်အချို့အနေဖြင့် ငွေကြေးဆုံးရှုံးနစ်နာမှုများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူသူ ဒုစရိုက်သမားများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ ဖြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် ပူးပေါင်းကျူးလွန်သူမြန်မာနိုင်ငံသားတရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်မှုကျူးလွန်သူများအနေဖြင့် နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများပြုလုပ်ရာတွင် ဇယား(၁)ပါနည်းလမ်းများကို အသုံးပြု၍ လိမ်လည်ခံရမည့်သူကို ရှာဖွေပြီး လိမ်လည်ခံရမည့်သူနှင့်အဆက်အသွယ်ရရှိပါက

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

# ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ရှမ်းယူနိုက်တက်အသင်းက ISPE အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ


ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ISPE အသင်းက ခံစစ်ပိုင်း အားပြုကာ တန်ပြန်တိုက်စစ်မှတစ်ဆင့် အကောင်းဆုံး ပြန်လည်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင်

စာမျက်နှာ ၂၂ ကော်လံ ၆ ❖

**ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) "ကျီးရိုး" ရိုးချောင်းတံတား အမှတ်(၁/၁၀၅)ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ - ၂၂

**သထုံမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်တစ်စီးကို မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူအမျိုးသားတစ်ဦး သေဆုံး**

စာမျက်နှာ - ၂၂

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257